မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ

**မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား**


အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသော သူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com
■ အတွဲ(၁၆)၊ အမှတ်(၁၄၆)
■ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လကွယ်နေ့၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်၊ သောကြာနေ့



## လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်ပေါ်

နေပြည်တော် စက်တင်ဘာ ၁၀

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area)တစ်ခုဖြစ်ပေါ်နေသည်။

(မိုး/ဇလ)

# အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကို အခြေချလုပ်ကိုင်၍ နာမည်ဆိုးဖြင့်ကျော်ကြားနေသည့် KK Park၊ ရွှေကုက္ကိုလ်နှင့်ကျောက်ခက်ဒေသအတွင်း တပ်မတော်စစ်ကြောင်းများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၀

KNU ၊ KNLA၊ DKBA၊ PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့များအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများနှင့် တရားမဝင်ဒုစရိုက်လုပ်ငန်းများကို လွတ်လပ်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြဝတီ-သဃ်န်းညီနောင်-ကော့ကရိတ် အာရှလမ်းမကြီးနှင့်သဃ်န်းညီနောင်မြို့တို့အား ထိန်းချုပ်နိုင်ရေးကြိုးပမ်းခဲ့ရာ သဃ်န်းညီနောင်မြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်များနှင့် ဌာနဆိုင်ရာအဆောက်အအုံများအား အင်အားအလုံးအရင်းဖြင့် ၂၀၂၄ ခုနှစ်၊ မတ်လ ၇ ရက်နေ့မှ ဧပြီလ ၅ ရက်နေ့ထိ (၂၈) ရက်ကြာ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုသို့တိုက်ခိုက်ခဲ့မှုကြောင့်မြို့တွင်းရှိဌာနဆိုင်ရာအဆောက်အအုံများနှင့် လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ရပြီး ဒေသခံ

စာမျက်နှာ ၁၅ ကော်လံ ၁ ➧

KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ဖြိုချဖျက်ဆီးခဲ့မှု




# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PNLO၊ DPLA၊ KNDF နှင့် PDF အမည်ခံအဖွဲ့ဝင် ၆၀ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် စက်တင်ဘာ ၁၀

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက်အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation) များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နယ်မြေများအား စာမျက်နှာ ၆ ကော်လံ ၁ ➦




ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်းစိုးထံ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူ ပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား လွှဲပြောင်းအပ်နှံစဉ်။




၂၃၀ ကေဗွီ ရွှေကျင်-သာယာကုန်း ဓာတ်အားလိုင်း ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

# PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် ပျက်စီးလျက်ရှိသည့် ၂၃၀ ကေဗွီ ရွှေကျင် - သာယာကုန်း ဓာတ်အားလိုင်းပြုပြင်ပြီးစီးသဖြင့် ရွှေကျင်ရေအားလျှပ်စစ်စက်ရုံမှ ထုတ်လုပ်သည့် ဓာတ်အားများပြန်လည်ပို့လွှတ်

နေပြည်တော် စက်တင်ဘာ ၁၀

ပြည်သူတို့၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ကျန်းမာရေးနှင့်ပညာရေးကဏ္ဍများအပြင် နိုင်ငံတော်စီးပွားဖွံ့ဖြိုးမှုအတွက် လျှပ်စစ်ဓာတ်အားစဉ်ဆက်မပြတ်ရရှိရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

သို့သော်လည်း PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားကို လျစ်လျူရှုပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန် ရည်ရွယ်၍ အဖျက်အမှောင့်လုပ်ရပ်များကို စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိရာ ၂၃၀ ကေဗွီ

စာမျက်နှာ ၆ ကော်လံ ၁ ▼



# 2026 ASEAN SMOKE-FREE AWARD တတိယဆုကို သံဖြူဇရပ်မြို့နယ်ရရှိ

နေပြည်တော် စက်တင်ဘာ ၁၀

ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးတိုက်ဖျက်ရေးလုပ်ငန်းများကို မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြည်သူများအား ဆေးလိပ်ငွေ့အန္တရာယ်မှ ကာကွယ်ရန်အတွက် "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ (၂၀၀၆)" နှင့်အညီ ဆေးလိပ်ငွေ့ကင်းစင်ဒေသများ ထူထောင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ စာမျက်နှာ ၁၁ ကော်လံ ၅ ❖

ယနေ့ မြဝတီ ဆောင်းပါး

**ပဲပုပ်သီးနှံ စိုက်ပျိုး၍ ဆီနှင့်ပရိုတင်း ဓာတ်ပြည့်ဝရေး ဆောင်ရွက်ကြပါစို့**

စာ - ၁၂ သို့

## အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်

# ပိုမိုကောင်းမွန်လာသော မြန်မာ့မီးရထားဝန်ဆောင်မှု

မြန်မာ့မီးရထား၏ဝန်ဆောင်မှုများမှာ တစ်နေ့ထက်တစ်နေ့ ပိုမိုကောင်းမွန်လျက်ရှိသည်ကို ပြည်သူများမြင်တွေ့နေကြရပြီဖြစ်သည်။ ပြည်သူများအနေဖြင့် လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့အောင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် နေ့စဉ်နှင့်အမျှ ဆက်သွယ်သွားလာ ဆောင်ရွက်နေရသည်။ သွားလာမှုလွယ်ကူချောမွေ့စေရန်ဖန်တီးပေးခြင်းဖြင့် ပြည်သူတို့၏လူမှုစီးပွားဘဝမြင့်မားရေးကို အထောက်အကူဖြစ်စေသည်။ ယခုအခါ ရန်ကုန် – နေပြည်တော်၊ ရန်ကုန် – မန္တလေး၊ ရန်ကုန် –မော်လမြိုင်၊ ရန်ကုန် – ပြည် စသည်ဖြင့် DEMU ရထားနှင့် အဆင်ပြေချောမွေ့စွာသွားလာနိုင်ပြီဖြစ်သည်။ ရထားခရီးစဉ်များကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးထားသည့်အတွက် ပြည်သူများမှာ မီးရထားဖြင့် ခရီးသွားလာခြင်းကိုပိုမိုအသုံးပြုလာကြသည်။ ထို့ပြင် ရထားခရီးစဉ်များကို တိုးချဲ့ပြေးဆွဲပေးလျက်ရှိရာ ရန်ကုန်– တိုးကြောင်ကလေး–ဒဂုံတက္ကသိုလ်ရထားခရီးစဉ်ကို ဘက်ထရီရထားစက်ခေါင်း (Battery Electric Locomotive–BEL) ဖြင့် စက်တင်ဘာလ ၁ ရက်နေ့မှ စတင်ပြေးဆွဲပေးလျက်ရှိသည်။

ထိုသို့ပြေးဆွဲပေးသည့်အတွက် ရန်ကုန် – တိုးကြောင်ကလေး – ဒဂုံတက္ကသိုလ်ခရီးစဉ်တွင် ခရီးသွားပြည်သူများနှင့်ဒဂုံတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ သွားလာရေးပိုမိုလွယ်ကူအဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်သည်။ ရထားစီးနင်းမှုများပြားလာပါက ရထားထပ်တိုးပြေးဆွဲပေးမည်ဖြစ်သည်။ ရထားဖြင့်သွားလာနိုင်သောကြောင့် ဈေးနှုန်းသက်သာ၊ အချိန်ကုန်သက်သာပြီး ကျောင်းတက်ရသည်မှာ အဆင်ပြေပြေရှိကြသည်။ သက်သက်သာသာ ချောင်ချောင်ချိချိနှင့်သွားလာ၍ရခြင်းကြောင့် အများပြည်သူများအတွက် အလွန်ပင် အဆင်ပြေလှသည်။

ဒဂုံတက္ကသိုလ်တွင် နေ့သင်တန်းကျောင်းသား၊ ကျောင်းသူ ၅၇၇၀ ဦးရှိပြီး အဝေးသင်ကျောင်းသား၊ ကျောင်းသူ ၃၅၀၀၀ ကျော်ရှိကြောင်း သိရှိရသည်။ နေ့သင်တန်းကျောင်းသား၊ ကျောင်းသူများမှာ ယခု စက်တင်ဘာလတွင် စာမေးပွဲရှိသည့်အတွက် ရထားစီးရင်း ပညာလေ့လာဆည်းပူးနိုင်သဖြင့် အချိန်ကိုထိရောက်စွာ အသုံးချနိုင်မည်ဖြစ်သည်။

ဒဂုံတက္ကသိုလ်သို့ပြေးဆွဲပေးရာတွင် ပထမရထားမှာ နံနက် ၆ နာရီ ၁၅ မိနစ်တွင်တစ်စင်း၊ ဒုတိယရထားမှာ နံနက် ၇ နာရီ ၄၅ မိနစ်တွင် တစ်စင်း ထွက်သည်။ တစ်နေ့လျှင် တွဲဆိုင်းနှစ်ဆိုင်းဖြင့် အသွားအပြန် ၁၂ ခေါက် ပြေးဆွဲပေးလျက်ရှိသည်။ ဘက်ထရီစက်ခေါင်းဖြင့် ပြေးဆွဲရာတွင် တွဲခြောက်တွဲပါပြီး တစ်တွဲတွင် ခရီးသည် ၆၂ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၄၀၀ နီးပါး လိုက်ပါစီးနင်းနိုင်သည်။ လက်မှတ်ခမှာ ငွေကျပ် ၅၀၀ ဖြစ်ပြီး ဘူတာစဉ်ရပ်ပေးသဖြင့် ခရီးသွားပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ လိုက်ပါစီးနိုင်ပြီဖြစ်သည်။ ယခုအခါ ရန်ကုန်မြို့ပတ်ရထားခရီးစဉ် လမ်းကြောင်းတစ်လျှောက်ရှိ ပုဇွန်တောင်၊ မလ္လကုန်း၊ နှင်းဆီကုန်း၊ သဃ်န်းကျွန်း၊ ငမိုးရိပ်၊ တိုးကြောင်ကလေးနှင့် ဒဂုံတက္ကသိုလ်စသည်တို့တွင် ရထားရပ်တန့်ပေးပြီး ခရီးသွားများ အဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

လူတိုင်းသည် သန့်ရှင်းစင်ကြယ်ခြင်းကိုနှစ်သက်ကြပေရာ ခရီးသွားလာသူများအနေဖြင့် ရထားပေါ်တွင် စည်းကမ်းရှိရှိလိုက်ပါစီးနင်းရန်လိုအပ်ပြီး သန့်ရှင်းရေးကိုလည်း အထူးသတိပြုကြရမည်ဖြစ်သည်။ တန်ဖိုးရှိသောပစ္စည်းကို တန်ဖိုးရှိစွာအသုံးပြုခြင်းဖြင့် မိမိတို့တစ်ဦးချင်း၏ဂုဏ်၊ နိုင်ငံ့ဂုဏ်ကိုထိန်းသိမ်းကြရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သို့ ချီတက်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရတစ်ရပ်တွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ ပြည်သူများအားလုံးတွင်လည်းတာဝန်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မီးရထားစီးပြည်သူများအနေဖြင့် တစ်ဦးချင်းစီက စိတ်ဓာတ်ကောင်းကောင်း၊ စည်းကမ်းကောင်းကောင်းဖြင့် လိုက်ပါစီးနင်းကြရန်ဖြစ်ပါကြောင်းတိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်–

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

## ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါကစစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### MWD Variety Channel ၁၁-၉-၂၀၂၆(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၁၁:၅၀ | တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများ မြှင့်တင်စို့ |
| ၂။ | ၁၂:၂၀ | လူငယ်ရှေ့ရေး အတွေးကမ္ဘာ |
| ၃။ | ၁၄:၃၅ | သောတဆင်စရာ တေးမြန်မာ |
| ၄။ | ၂၂:၃၅ | ရုပ်မြင်သံကြားဇာတ်လမ်း(အနှစ်စံစစ်မှန်သောအဖြေ) |

### သဇင်(FM)အသံလွှင့်အစီအစဉ် ၁၁-၉-၂၀၂၆(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကား ပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |


မြဝတီ နေ့စဉ်

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | – | ဦးမျိုးဝင်းရှိန် |
| **စာတည်းမှူး (မြန်မာ)** | – | ဦးရာဇာအောင် |
| **စာတည်းမှူး (အင်္ဂလိပ်)** | – | ဦးရဲမင်းတင် |
| **စာတည်း (ကျွမ်းကျင်) အင်္ဂလိပ်** | – | ဦးတင်မောင်သန်း |
| **စာတည်းအဖွဲ့ (မြန်မာ)** | – | ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး |
| **စာတည်းအဖွဲ့ (အင်္ဂလိပ်)** | – | ဦးထက်မြတ်၊ ဒေါ်သီရိမွန် |
| **သတင်းအဖွဲ့ (နေပြည်တော်)** | – | ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော် |
| **သတင်းအဖွဲ့ (ရန်ကုန်)** | – | ဦးရဲစိုးအောင် |

Online Newspaper

**နေပြည်တော်**

**စာတည်းအဖွဲ့** ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
**ဖြန့်ချိရေး/ကြော်ငြာ** ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**

**စာတည်းအဖွဲ့** ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
**ကြော်ငြာ** ၀၃၁-၇၄၀၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**

**တာဝန်ခံ** ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ (ရုံးခွဲ)**

**တာဝန်ခံ** ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

# ရွှေတိဂုံစေတီတော်သို့ ယခုနှစ်ရှစ်လတာကာလအတွင်း ပြည်တွင်းပြည်ပဘုရားဖူး ၄ ဒသမ ၈ သန်းကျော် လာရောက်ဖူးမြော်

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ ဇန်နဝါရီလမှ ဩဂုတ်လအထိ ရှစ်လတာကာလအတွင်း ပြည်တွင်းပြည်ပဘုရားဖူး ၄ ဒသမ ၈ သန်းကျော် လာရောက်ဖူးမြော်ကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

ယင်းကာလအတွင်း ပြည်တွင်းပြည်ပဘုရားဖူးဝင်ရောက်မှုအနေဖြင့် သံဃာတော် ၈၅၅၇၂ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၄၂၉၁၉ ပါး၊ အမျိုးသား ၂၁၂၂၀၃၉ ဦး၊ အမျိုးသမီး ၂၅၄၂၈၃၄ ဦး၊ နိုင်ငံခြားသား ၂၆၂၆၅ ဦး၊ နိုင်ငံခြားသူ ၂၆၀၆၉ ဦး စုစုပေါင်း ၄၈၄၅၆၉၈ ဦး ဖြစ်သည်။

အဆိုပါကာလတွင် ရွှေတိဂုံစေတီတော်သို့ ပြည်တွင်းပြည်ပဘုရားဖူးဝင်ရောက်မှုသည် ရုံးဖွင့်ရက်များတွင် တစ်ရက်လျှင် အနည်းဆုံးလူဦးရေ တစ်သောင်းဝန်းကျင်ရှိပြီး အစိုးရရုံးပိတ်ရက်များနှင့် နေ့ကြီးရက်ကြီးများတွင် ပို၍များသည်။ ထို့အတူ ပွင့်လင်းရာသီတွင် ပြည်တွင်းပြည်ပဘုရားဖူး ဝင်ရောက်မှုများသော်လည်း မိုးရာသီကာလများတွင် ဘုရားဖူးဝင်ရောက်မှု နည်းပါးကြောင်း သိရသည်။



လအလိုက် ပြည်တွင်းပြည်ပဘုရားဖူးဝင်ရောက်မှုတွင် ဇန်နဝါရီလက ငါးသိန်းကျော်၊ ဖေဖော်ဝါရီလက ရှစ်သိန်းကျော်၊ မတ်လက ခြောက်သိန်းကျော်၊ ဧပြီလက ရှစ်သိန်းကျော်၊ မေလက ငါးသိန်းကျော်၊ ဇွန်လက လေးသိန်းကျော်၊ ဇူလိုင်လက ငါးသိန်းဝန်းကျင်နှင့် ဩဂုတ်လက လေးသိန်းကျော်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် ရပ်နီးရပ်ဝေးမှဘုရားဖူးများ အဆင်ပြေစေရန်နှင့် စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရန် ဘုရားဖူးမြော်ချိန်ကို နံနက် ၄ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**ဝန်းရံခ**

## မြေဆီလွှာဖွံ့ဖြိုးရေး နည်းလမ်းများ အသိပညာပေး

**ဒေးဒရဲ စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် မြင်းကကုန်းကျေးရွာရှိ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းကို စက်တင်ဘာလ ၉ ရက်က စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးမျိုးဇော်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုကြသည်။

အဆိုပါကွင်းဆင်းကြည့်ရှုရာတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ) ဦးမျိုးဇော်နှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မြင်းကကုန်းကျေးရွာ၌ Rice Export Zone စီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် တောင်သူများနှင့် တွေ့ဆုံပြီး သွင်းအားစုများနှင့် ပုံ့ပိုးငွေများ အချိန်မီရရှိရေး ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ ကွင်းအမှတ်(၂၂၇) ဦးပိုင်အမှတ်(၁၅/၆) တောင်သူဦးဝင်းနိုင်၏ မိုးစပါးမျိုးစေ့ထုတ် (R.S to C.S) စိုက်ခင်းသို့ ကွင်းဆင်းကြည့်ရှုပြီး မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများအား တောင်သူများ သိရှိရန်နှင့် မျိုးကောင်းမျိုးသန့်များကို တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးကြရန် အသိပညာပေးပြောကြားသည်။

ထို့နောက် ဒေးဒရဲမြို့နယ် ကုန်းတန်းကလေးကျေးရွာအုပ်စု တောင်သူဦးထွန်းထွန်း၏လယ်မြေတွင် စိုက်ပျိုးထားသော ဘေးကျားတောင်ပြန်လေးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် ခေါင်နှံစံပြကွက်များကို လှည့်လည်ကြည့်ရှုကြောင်း သိရသည်။

**ရန်ကင်း**

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ကြံခင်း စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရေနံတောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာလ ၉ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပသည်။



ရှေးဦးစွာ ရေနံတောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆွေးနွေးပြောဆိုတတ်သည့် အလေ့အကျင့်ကောင်းများရရှိလာစေရန်၊ ဗလငါးတန်ပြည့်စုံလာစေရန်နှင့် လူတော်လူကောင်းများ ပေါ်ထွန်းလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး မဖူးသီရိမြတ်က လူငယ်နှင့်သဘာဝပတ်ဝန်းကျင်၊ မရွှန်းလဝန်းက လူငယ်နှင့်စာကြည့်တိုက်၊ မောင်ချမ်းပြည့်ဝင်းက လူငယ်နှင့်လုံ့လဝီရိယ၊ မောင်ထက်သူရနိုင်က လူငယ်နှင့်စာရိတ္တခေါင်းစဉ်တို့ဖြင့် အတွေးအခေါ်များကို မျှဝေဆွေးနွေးရာ ဆွေးနွေးချက်အပေါ် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းငွေးက ခြုံငုံသုံးသပ်ဆွေးနွေးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသောကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ ကဏ္ဍအလိုက် ဆွေးနွေးကြသူများက ပြန်လည်ဖြေကြားကြပြီး စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသော ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအုပ်ဆရာမကြီးက အမှတ်တရပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်စာစောင်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ မီးခိုးမြူငွေ့အန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# မြောင်းမြခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးလျာထားကေအားလုံး စိုက်ပျိုးပြီးစီး



**မြောင်းမြ စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးလျာထားကေအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောကြားချက်အရ သိရသည်။

မြောင်းမြခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးလျာထားကေ ၅၂၁၉၆၄ ကေကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးပြီးစီးသည့် စပါးကေများမှာ ဝါးခယ်မမြို့နယ်၌ ၂၁၃၂၁၆ ကေ၊ အိမ်မဲမြို့နယ်၌ ကေ ၁၄၃၀၁၀၊ မြောင်းမြမြို့နယ်၌ ၁၆၅၇၃၈ ကေဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြောင်းမြခရိုင် သုံးမြို့နယ်ဖြစ်တဲ့ မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်နဲ့ အိမ်မဲမြို့နယ်တွေမှာ မိုးစပါး ၅၂၁၉၆၄ ကေ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ခရိုင်တစ်ခုလုံးအနေနဲ့ မိုးစပါးရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးတွေ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်” ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

မြောင်းမြခရိုင်၌ မိုးစပါးများ အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

တောင်သူများအနေဖြင့် စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် တစ်နှစ်ထက်တစ်နှစ် ကေတိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**သုတကျော်**



# ရတနာပုံဝတ္ထု

**ရွှေဥဒေါင်း**

**ယမန်နေ့မှအဆက်**

“မိမိကပြောတယ်၊ ညနေက တူမကြီးမှာ ကလေးလေးယောက်ရော၊ လင်ရော၊ ပစ္စည်းရောဆုံးရှုံးတယ်လို့ သမီးကပြောတယ်၊ အင်မတန် ဒုက္ခကြီးပဲ တူမကြီးရဲ့နော်၊ ဒေါ်ဒေါ်ဖြင့် ကိုယ်ချင်းစာပြီး အပုံကြီး ကရုဏာဖြစ်ပါတယ်”

“ကျွန်မကို မသနားပါနဲ့ ဒေါ်ဒေါ်ရယ်၊ ကျွန်မက သူများသနားရင် သာပြီးအနေရခက်လွန်းလို့ပါ၊ တချို့လူများဟာ မွေးကတည်းက ဒုက္ခတွေ့ဖို့ တမင်ကြံဖန်ပြီးဖြစ်တာပဲ ဒေါ်ဒေါ်ရဲ့”

“ဟုတ်တယ်တူမကြီးရေ၊ တူမကြီးပြောတာ ဒေါ်ဒေါ်လည်း အပုံကြီး ဒုက္ခတွေ့ကြုံဖူးတယ်၊ ဟိုတုန်းကများလေ ဒေါ်ဒေါ်ဖြင့် တစ်ခဏကလေးမှ စိတ်ချမ်းသာတယ်လို့မရှိရဖူးဘူး၊ ကြာတော့လည်း ပေါ့သွားတာပေါ့ တူမကြီးရယ်”

“ဒေါ်ဒေါ်တို့က ကျွန်မလို မချိမဆံ့ဖြစ်အောင် ဒုက္ခတွေ့ရဖူးမယ် မဟုတ်ပါဘူး ဒေါ်ဒေါ်ရယ်”

“လူရယ်လို့ဖြစ်လာမှ ဘယ်မှာဒုက္ခကင်းနိုင်မလဲ တူမကြီးရယ်၊ တစ်နေ့မကြုံ၊ တစ်နေ့တော့ ကြုံရမယ့်လူချည်းပေါ့၊ ဇာတိရှိက ဇရာ၊ ဗျာဓိ၊ မရဏ ဒီသုံးခုက သုံးပါးမုချတွေ့ကြုံမယ်မဟုတ်ဘူးလား၊ အဲဒါကြောင့် ဘုရား၊ ရဟန္တာ၊ အရိယာသူတော်ကောင်းများသည် ဇာတိကိုကင်းငြိမ်းအောင်လုပ်ကြတယ်မဟုတ်ဘူးလား”

“ကျွန်မဖြင့် ဒါကြောင့် သေမှအေးလိမ့်မယ် ထင်မိတာပဲ”

“အလို... ဘယ့်နှယ်တူမကြီး၊ ဒီတစ်ဘဝဆုံးသွားလို့ နောက်ဘဝ ကူးသွားရုံနဲ့ အေးနိုင်ပါ့မလား၊ ဟိုဘဝကျတော့ ဒီလိုပဲ ဒုက္ခမတွေ့ဘူးမှတ်သလား၊ ဒီဒုက္ခမျိုးမတွေ့ပေမယ့် နောက်ဒုက္ခတစ်မျိုးကလာဦးမှာပဲ”

“ဒါဖြင့် ဘယ့်နှယ်လုပ်ရမလဲ ဒေါ်ဒေါ်ရယ်”

“တူမကြီး အခုဒုက္ခကြီး၊ အပူကြီးတွေ့တယ်မဟုတ်လား၊ အဲဒါဘာပြုလို့ ဒုက္ခရောက်တယ်၊ ဒီတော့ ဇာတိရှိတိုင်း ရှိတိုင်း၊ ဒုက္ခ ဒေါမနဿ နှလုံးမသာယာခြင်း စသော မကောင်းမှုတွေတော့ တွေ့ကြုံရမှာပဲ၊ အဲဒါကြောင့် မြတ်စွာဘုရားရှင်ဟောတော်မူတယ် မဟုတ်လား၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးကို နှလုံးသွင်းရမယ်တဲ့၊ ဒီသုံးပါးအနက် တစ်ပါးပါးကို စွဲစွဲမြဲမြဲ နေ့ရောညပါ အဖန်တလဲလဲ နှလုံးသွင်းလို့ ထင်မြင်ရင် ကိစ္စပြီးတာပဲ”

“ဒီဟာတော့ ဒုက္ခမှန်း ကျွန်မ အသိသားပဲ ဒေါ်ဒေါ်ရယ်”

“ကောင်းပြီ၊ သိပုံချင်းက အမျိုးမျိုးရှိသေးတာကိုး တူမကြီးရဲ့၊ ကလေးတစ်ယောက်က ဝါဝါဝင်းဝင်းတုံးတစ်ခုကောက်ရတော့ ရွှေမှတ်လို့ အမိအဖ သွားပြသတဲ့၊ ပြတော့ လူကြီးက ဟဲ့... နင့်ဥစ္စာ ရွှေပါကလား” ဆိုပြီး ရွှေမှန်းသိတော့ ပန်းထိမ်ဆရာသွားပြသတဲ့၊ ဒီတော့ ပန်းထိမ်ဆရာကမှ သေသေချာချာ ဘယ်နှမူးရည်ရွှေပဲလို့ပြောနိုင်သတဲ့၊ ဒီတော့ ကလေးသိပုံနဲ့ ကလေးမိဘသိပုံနဲ့ ပန်းထိမ်ဆရာသိပုံတူသလား၊ အဲ... မတူဘူးဟုတ်စ၊ အခုတူမကြီးသိတဲ့ ဒုက္ခလည်း ကလေးသိပဲရှိသေးတယ်၊ ပန်းထိမ်ဆရာသိ သိမှ နေရာကျတာကိုး တူမကြီးရဲ့”

“ဒါဖြင့်ပြောပါဦး ဒေါ်ဒေါ်ရယ်၊ ပန်းထိမ်ဆရာသိ သိအောင် ဘယ့်နှယ်လုပ်ရမလဲ”

“တူမကြီးက ဒုက္ခကြီးတွေ့ဖူးတယ်ဆိုတာကိုး၊ ဒီတော့ဒုက္ခလက္ခဏာ နှလုံးသွင်းတာပေါ့၊ ဇာတိရှိလို့ ဒုက္ခတွေ့ရတယ်၊ ဇာတိရှိရင် မုချဒုက္ခတွေ့ရမယ်၊ ဇာတိသည်မကောင်း၊ ယခု ဒုက္ခတွေ့ရခြင်းသည် ဇာတိရှိ၍တွေ့ရသည်၊ ဇာတိမရှိလျှင် ကောင်းလေစွ၊ ဒီလိုအဖန်တလဲလဲ ဇာတိမကောင်းကြောင်း သေသေချာချာ ထင်မြင်အောင် နှလုံးသွင်းရမယ်၊ စားရင်လည်း ဒီစိတ်နဲ့၊ အိပ်ရာဝင်လည်း ဒီစိတ်နဲ့၊ နေ့ရောညပါ မမေ့မလျော့ မပေါ့မဆဘဲ နှလုံးသွင်းရင် တစ်နေ့နေ့တော့ပန်းထိမ်ဆရာသိ သိမှာပေါ့ တူမကြီးရဲ့”

“ဒေါ်ဒေါ်ပြောတာ တယ်ဆန်းပါကလား၊ ကျွန်မဖြင့် တစ်ခါမှ မကြားဖူးဘူး”

“ဒေါ်ဒေါ်တို့ဆရာဘုန်းတော်ကြီးက လိုရင်းကိုတရားပြတဲ့ ဘုန်းတော်ကြီးကိုး တူမကြီးရဲ့”

“လိုရင်းတော့ ဟုတ်ပါပြီ ဒေါ်ဒေါ်ရယ်၊ ဒီလိုနှလုံးသွင်းတာနဲ့ ကိစ္စပြီးနိုင်ပါ့မလား”

“ဒါတော့ မြတ်စွာဘုရားဟောတော်မူတဲ့အတိုင်းပဲ တူမကြီးရယ်၊ ဒေါ်ဒေါ်က အလွတ်ပြောတာမဟုတ်ပါဘူး၊ ပါဠိကို နားထောင်ချင်သေးသလား၊ အနိစ္စလက္ခဏံ အရော ပေတွာ၊ ဝိပဿနာပတိပါတိယာ၊ အရဟတ္တပါပုနာတိ အနိစ္စ လက္ခဏံ၊ အနိစ္စလက္ခဏာကို၊ အာရောပေတွာ၊ တင်၍၊ ဝိပဿနာပတိပါတိယာ ဝိပဿနာအစဉ်အားဖြင့် ပွားသည်ရှိသော်၊ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့၊ ပါပုနာတိရောက်၏၊ အနိစ္စလက္ခဏာမဆိုဘဲနဲ့ ဒုက္ခလက္ခဏံဆိုရင်လည်းပဲ အတူတူပေါ့၊ အနတ္တလက္ခဏံဆိုရင်လည်း တူတူပေါ့၊ တစ်ခုမြင်ရင် အားလုံးမြင်တာပေါ့”

“ဒေါ်ဒေါ်၊ ဒီဘုန်းတော်ကြီးနဲ့တွေ့တာ ဘယ်လောက်ကြာပြီလဲ”

“ဘာကြာဦးမလဲ တူမကြီးရယ်၊ တစ်နှစ်လောက်ပဲရှိသေးတယ်”

“ဟိုတုန်းကများ သားအတွက်ကြောင့် ဒေါ်ဒေါ် ဒီလိုဘယ်နေနိုင်မလဲ၊ အင်မတန်ပူတာပေါ့၊ အခုတော့ တဖြည်းဖြည်း ဘုန်းဘုရားတရားတော်နာပြီးတဲ့နောက်မှ တော်တော်အပူအေးသွားပြီ၊ သို့သော်လည်း ပန်းထိမ်ဆရာသိတော့ မရောက်သေးပါဘူး တူမကြီးရယ်၊ လူကြီးသိသလောက်ပဲ ရှိပါသေးတယ်”

“ကျွန်မလည်း နာပါရစေရှင်၊ ဒေါ်ဒေါ်သွားရင် ကျွန်မကိုတစ်ခေါက်လောက်ခေါ်ပါ”

“ခေါ်ပါ့မယ် တူမကြီးရယ် စိတ်ချပါ၊ ဒေါ်ဒေါ်ပြောတာလည်း နှလုံးသွင်းရစ်နော်”

“ကောင်းပါပြီ ဒေါ်ဒေါ်ရယ်၊ ကျွန်မကို ဒီလိုလာပြီး တရားဟောပြောတာတွေကိုလည်း ဒေါ်ဒေါ် အပုံကြီးကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မဖြင့် ဒုက္ခတွေ့တိုင်းတွေ့တိုင်း ဒေါ်ဒေါ်ပြောတာ သတိရမှာပဲ”

“ဒီလိုပေါ့လေ၊ တစ်စတစ်စ စိတ်ကိုအကျင့်လုပ်ရတာပေါ့၊ ကဲ... ဒေါ်ဒေါ်သွားဦးမယ်နော်”ဟုပြောပြီးလျှင် အိမ်ဦးခန်းသို့သွား၍ မဂျမ်းပုံနှင့်စကားပြောနေလေလျှင် ခင်စိန်ကြည်လည်း ဝန်ထောက်ကတော်ကြီး ပြောသွားသည်များကို ပြန်လှန်စဉ်းစားလျက် နာရီဝက်ခန့်မျှ တစ်ယောက်တည်းထိုင်နေရစ်လေ၏။

ယင်းနောက် မျက်ခွံလေးလာပြီဖြစ်၍ ခင်စိန်ကြည်သည် အိမ်ပေါ်သို့ တက်မည်ဟု လှေကားသို့လာရာ လှေကားအနီးရှိ အခန်းတစ်ခုမှ စန္ဒရားသံကြားသဖြင့် တံခါးဝမှရပ်၍ ကြည့်မိသောအခါ မိမိရီက စန္ဒရားမှာထိုင်၍ မောင်ထွန်းမြတ်က ၎င်း၏နောက်မှကပ်၍ ရပ်လျက်နေသည်ကိုမြင်ရလေလျှင် မိမိရီမှာ ယခု ခင်စိန်ကြည်ရပ်လျက်နေသောနေရာတွင် ရပ်လျက် မချမ်းသာသောစိတ်ဖြင့် အရင်က ကြည့်မိခဲ့ဖူးရာ ယခုမှာမူ ပြောင်းပြန်ဖြစ်လျက်နေသည်ကို တွေးမိသဖြင့် ခင်စိန်ကြည်သည် မြင်လျှင်မြင်ချင်း စိတ်နှလုံးမသက်သာသည်နှင့် အဆုံးတိုင်မကြည့်ဘဲ အိမ်ပေါ်သို့တက်၍ မိမိအခန်းသို့ဝင်သွားလေ၏။

ခင်စိန်ကြည်သည် ဆရာမအဖြစ်နှင့် မောင်ထွန်းမြတ်၏အိမ်၌ နေထိုင်၍ ခြောက်လခန့်ရှိလေလျှင် တစ်နေ့သ၌ မန္တလေးမြို့ မြူနီစီပယ် ဆပ်ကော်မတီလူကြီးတစ်ယောက် အနိစ္စရောက်သဖြင့် လူကြီး လူကောင်းအရာရှိတချို့တို့သည် ၎င်းနေရာတွင် မည်သူ့အား ခန့်ထားရပါမည်ဟု စီမံခန့်ခွဲလျက်ရှိကြလေ၏။ တစ်ဦးသောအရာရှိက လူကြီးမင်းများရဲ့ ဆပ်ကော်မတီအလုပ်ဆိုတာ ကုန်သည်ထဲကလူကို ရွေးလို့မတော်ပေဘူးခင်ဗျ၊ ကုန်သည်ဆိုတဲ့လူမျိုးက ကုန်သည်လိုသာ ပြောတတ်၊ ဆိုတတ်တယ်၊ ဒီနေရာမျိုးဆိုတာ ပြောရေးဆိုရေးရှိမှ၊ နည်းနဲ့လမ်းနဲ့လည်း ပြောတတ်မှ၊ ဥပဒေကလေးကလည်း နည်းနည်း ပါးပါးခေါက်မိမှ၊ ဒီလိုတော်တယ်၊ တစ်သက်လုံးက အထည်ရောင်းလာပြီး ပိုက်ဆံလေးရှိလို့ ဖြုန်းခနဲ ဆပ်ကော်မတီဖြစ်၊ တော်တော်ကြာ အစည်းအဝေးကျ ဘာပြောတတ်သလဲ၊ သူများပြောတာ ဟုတ်ပ့ါ ဟုတ်ပ့ါနဲ့ လိုက်ဖော်ရတာပဲ၊ အရေးပိုင်မင်းက စကားတစ်ခွန်းထပြော၊ နားမလည်လို့ ဟုတ်ကဲ့ မဟုတ်ဘူး၊ မပြောချင်တော့ အပြောရခက်လို့ နားလည်ယောင်ကားနဲ့ ပြုံးပြတာပဲ သူတို့တတ်တယ်၊ ဒီလိုလူမျိုးတွေ ခန့်လို့ မြို့အကျိုး သူတို့ဘာဆောင်ဖော်ရသလဲလူကြီးမင်းများရဲ့” ဟု ပြောလေ၏။

**“မျက်ခွံလေးလာပြီဖြစ်၍ ခင်စိန်ကြည်သည် အိမ်ပေါ်သို့တက်မည်ဟု လှေကားသို့လာရာ လှေကားအနီးရှိ အခန်းတစ်ခုမှ စန္ဒရားသံကြားသဖြင့် တံခါးဝမှရပ်၍ ကြည့်မိသောအခါ မိမိရီက စန္ဒရားမှာထိုင်၍ မောင်ထွန်းမြတ်က ၎င်း၏နောက်မှကပ်၍ ရပ်လျက်နေသည်ကိုမြင်ရလေလျှင် မိမိရီမှာ ယခု ခင်စိန်ကြည်ရပ်လျက်နေသောနေရာတွင်ရပ်လျက် မချမ်းသာသောစိတ်ဖြင့် အရင်ကကြည့်မိခဲ့ဖူးရာ ယခုမှာမူ ပြောင်းပြန်ဖြစ်လျက်နေသည်ကိုတွေးမိသဖြင့် ခင်စိန်ကြည်သည် မြင်လျှင်မြင်ချင်း စိတ်နှလုံးမသက်သာသည်နှင့် အဆုံးတိုင်မကြည့်ဘဲ အိမ်ပေါ်သို့တက်၍ မိမိအခန်းသို့ဝင်သွားလေ၏ . . .”**

**ဆက်လက်ဖော်ပြပါမည်။**

## တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးသင်တန်း သာယာဝတီမြို့နယ်၌ဖွင့်လှစ်



**သာယာဝတီ စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ရှိ အင်းရွာတောင်သူပညာပေး သင်တန်းကျောင်း၌ စက်တင်ဘာလ ၉ ရက်က တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း အမှတ်စဉ် (၂/၂၀၂၆) ဖွင့်ပွဲကျင်းပရာ သာယာဝတီခရိုင်နှင့် မြို့နယ်စိုက်ပျိုးမွေးမြူရေး ကြီးကြပ်မှု ကော်မတီဝင်များ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် ခရိုင်နှင့်မြို့နယ်များမှ သင်တန်းသားတောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သာယာဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ဝင်းထွန်းက အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများအကြောင်းနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် AI နည်းပညာလက်တွေ့အသုံးပြုခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားကာ သင်တန်း၌ လက်တွေ့သင်ကြားပေးမည့် နည်းပညာရပ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ကျွမ်းကျင်နည်းပြဆရာ၊ ဆရာမများက စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုလယ်ယာကဏ္ဍ၊ ဆည်မြောင်းကဏ္ဍနှင့် စားသုံးသူရေးရာကဏ္ဍစသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာရပ်များကို စက်တင်ဘာလ ၉ ရက်မှ ၁၁ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**သန့်ဇော် (ပြန်/ဆက်)**

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**

ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် အတန်းပညာရပ်များအပြင် အသိဉာဏ်ပညာနှင့် အကျင့်စာရိတ္တပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရန်ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများကို စက်တင်ဘာလ ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်ရှိ အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝါဝါထွန်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာများအပြင် ပြင်ပဗဟုသုတစာပေများကိုပါ ဖတ်ရှုကြရန်နှင့် စာဖတ်ခြင်းကြောင့် ဗဟုသုတများ တိုးပွားလာမည်ဖြစ်သောကြောင့် စာများများဖတ်ရှုရန်လိုအပ်ကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် စကားပုံဆက်ပြိုင်ပွဲနှင့် ဘောလုံးပစ်ပြိုင်ပွဲများကို ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ပျော်ရွှင်စွာဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကိုနားလည်ဖို့လိုတယ်။ ဥပဒေကိုနားလည်ဖို့လိုတယ်။ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်။ ဒီလိုနဲ့ပေါင်းစပ်ပြီးလုပ်မှာဖြစ်ပါတယ်။ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့လိုပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏မေးမြန်းမှုများဖြေကြားချက်မှကောက်နုတ်ချက်)

## အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)ရုံးချုပ်မှ ညွှန်ကြားရေးမှူးအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော် သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိအပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)ရုံးချုပ်မှအပြည်ပြည်ဆိုင်ရာဥပဒေ၊ကြက်ခြေနီလှုပ်ရှားမှုနှင့်မိတ်ဖက်အဖွဲ့အစည်းများဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Cordula Droege အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ICRC အကြား လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်သွားနိုင်ရေး၊ မြန်မာနိုင်ငံအတွင်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို စနစ်တကျထိရောက်စွာ ဆောင်ရွက်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ မြဝတီ

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့်ယနေ့နံနက်ပိုင်းတွင်ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ တပ်ကုန်းမြို့နယ်ရှိအခြေခံပညာအထက်တန်းကျောင်း (ညောင်လွန့်)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့်တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါလေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

ထို့ပြင် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာ





စာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

“ဒီလိုမျိုး ဗဟုသုတရဖွယ်လည်း ကျွန်မကိုယ်တိုင်လည်း အခုမြင်တွေ့ရတဲ့အတွက်ကြောင့် အင်မတန်လည်း ဝမ်းသာပါတယ်၊ ကလေးတွေဆိုလည်း အင်မတန်တက်ကြွတယ် ပေါ့နော်၊ ဒီလိုခရီးစဉ်တွေကို လိုက်ရတဲ့အတွက်ကြောင့် ဒီမှာက မြင်တွေ့ရတဲ့ ဗဟုသုတတွေက ကျွန်မတို့ဘဝမှာ တကယ်ကိုအဖိုးမဖြတ်နိုင်တဲ့ တကယ့်ကို အကြောင်းအရာတွေ ကျွန်မတို့မြင်တွေ့ခဲ့ရတာပေါ့။ အဲ့ဒီအတွက် ကျောင်းသားတွေကိုယ်စား ကျွန်မအနေနဲ့ အရမ်းကိုဝမ်းသာပီတိ ဂုဏ်ယူမိပါတယ်ရှင်။ ပြီးတော့ ကလေးလေးတွေလည်း ကျွန်မတို့က နိုင်ငံပေါ်မှာ ပိုပြီးတော့ ချစ်စိတ်တွေလည်း တိုးပွားလာတယ်လို့ ကျွန်မအနေနဲ့ယုံကြည်ခံစားမိပါတယ်ရှင်။ အခုလိုမျိုး ကျွန်မတို့ရဲ့ ကျောင်းတွေကိုပေါ့နော်။ ဒီလိုမျိုး ကားတွေနဲ့လည်း ကျောင်းတွေကို ပေါ့နော်။ ဒီလိုမျိုး အကြိုအပို့တွေ စီစဉ်ပြီးတော့ ပို့ဆောင်ပေးခဲ့တဲ့ တာဝန်ရှိလူကြီးမင်းများ၊ အကြီးအကဲများအားလုံး တပ်မတော်အရာရှိများအားလုံးကိုလည်း ကျွန်မတို့အနေနဲ့ အထူးပဲ ကျေးဇူးတင်ရှိပါတယ်ရှင်”ဟုဆရာမတစ်ဦးက ပြောသည်။

“အဓိက စိတ်အဝင်စားဆုံးက ကျွန်တော်တို့ ပထမဆုံးအကြိမ်ပြတဲ့ သမိုင်းကြောင်းကို ပြန်ပြတဲ့အပိုင်းတွေရယ်၊ နောက်ပြီးတော့ကျွန်တော်တို့လေတပ်ကို ရှင်းပြတဲ့ အပိုင်းတွေရယ် ပိုပြီးတော့ စိတ်ဝင်စားပါတယ်၊ လေတပ်ရဲ့ စစ်လေယာဉ်တွေမှာ ပါတဲ့ ပါဝင်ပစ္စည်းတွေအကြောင်းကိုလည်း ကျွန်တော်သိရတယ်။ ဒီခရီးကိုစီစဉ်ပေးတဲ့ တာဝန်ရှိ လူကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်၊ နောက်ပြီးတော့ ဒီထက်မကလည်း ဒီထက်ပိုပြီးတော့ ကျယ်ပြန့်တဲ့နေရာတွေကိုလည်း ထပ်ပြီးတော့ လိုက်ပို့ပါဦးလို့လည်း ပြောချင်ပါတယ်”ဟုကျောင်းသားတစ်ဦးက ပြောသည်။

(၁၀၀)

➡ **အလင်းဝင်မှ**

အပြီးတိုင်ပြန်လည် ထိန်းချုပ်နိုင်ခဲ့ပြီး ဆက်သွယ်ရေးလမ်းကြောင်းများအား အပြည့်အဝပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာအားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့်လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ယနေ့တွင်လည်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ၌ အင်းလေး PDF ၁၀ ဦး၊ ယင်းမာပင် PDF ၃ ဦး၊ DPLA ၆ ဦး၊ KNDF ၂ ဦး၊ ဖယ်ခုံ PDF ၁ ဦး၊ လွိုင်ကော် PDF ၁ ဦး၊ PNLO အဖွဲ့ဝင် ၃၇ ဦး၊ စုစုပေါင်း ၆၀ ဦးတို့သည် ပစ္စတိုသေနတ် ၂ လက်၊ M-22 သေနတ် ၂ လက်၊ MA-1 သေနတ် ၂ လက်၊ Type-81 သေနတ် ၉ လက်၊ AK-47 သေနတ် ၁၃ လက်၊ M-16 သေနတ် ၃ လက်၊ BA-72 သေနတ် ၁ လက်၊ ပွိုင့် - ၂၂ သေနတ် ၁ လက်၊ နှစ်လုံးပြူးသေနတ် ၁ လက်၊ Bazooka ၁ လက်၊ စုစုပေါင်းလက်နက်မျိုးစုံ (၃၅)လက်၊ လက်ပစ်ဗုံး ၁ လုံး၊ ကျည်အိမ်မျိုးစုံ ၄၆ ခု၊ ကျည်မျိုးစုံ ၈ တောင့်၊ ယမ်းတောင့် ၁ ခုတို့နှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် အကြမ်းဖက်အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့်လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် တောင်ကြီးမြို့နယ်မှ အမျိုးသား ၃ ဦး၊ ရပ်စောက်မြို့နယ်မှ အမျိုးသား ၁ ဦး၊ ညောင်ရွှေမြို့နယ်မှ အမျိုးသား ၁၀ ဦး၊ ဖယ်ခုံမြို့နယ်မှ အမျိုးသား ၁ ဦး၊ ဆီဆိုင်မြို့နယ်မှ အမျိုးသား ၂၃ ဦးနှင့် အမျိုးသမီး ၁ ဦး၊ ပင်လောင်းမြို့နယ်မှအမျိုးသား ၃ ဦး၊ လွိုင်ကော်မြို့နယ်မှ အမျိုးသမီး ၁ ဦး၊ မောက်မယ်မြို့နယ်မှ အမျိုးသား ၈ ဦးနှင့်အမျိုးသမီး ၁ ဦး၊





နောင်ချိုမြို့နယ်မှ အမျိုးသား ၅ ဦး၊ ယင်းမာပင်မြို့နယ်မှ အမျိုးသား ၂ ဦး၊ ပုလဲမြို့နယ်မှ အမျိုးသား ၁ ဦးတို့အား ပြန်လည်ကြိုဆိုလက်ခံခြင်းနှင့် ဆုကြေးငွေထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပအိုဝ်း/ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အလင်းဝင်ရောက်လာသူလူငယ်များအား အသိပညာပေးရှင်းလင်းပြောကြားသည်၊ ထို့နောက် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်က ဥပဒေအကြောင်းအရာများအား ဆွေးနွေးပြောကြားသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပစ္စတို ၁ လက်အတွက် ဆုကြေးငွေ သိန်း ၂၀ နှုန်းဖြင့် ၂ လက်အတွက် ငွေကျပ် သိန်း ၄၀၊ Bazooka ၁ လက်အတွက် ဆုကြေးငွေကျပ် ၇၅ သိန်း၊ ရိုင်ဖယ်အုပ်စုဝင်သေနတ် ၁ လက်နှုန်းအတွက် ဆုကြေးငွေကျပ် သိန်း ၅၀ နှုန်းဖြင့် ၃၁ လက်အတွက် ငွေကျပ်သိန်း ၁၅၅၀၊ နှစ်လုံးပြူးသေနတ် ၁ လက်အတွက် ဆုကြေးငွေကျပ်သိန်း ၃၀၊ လက်ပစ်ဗုံး ၁ လုံးအတွက် ဆုကြေးငွေကျပ် ၃ သိန်းနှင့် အလင်းဝင်ရောက်လာသူများအတွက် တစ်ဦးလျှင် ငွေကျပ် (၂) သိန်းနှုန်းဖြင့် ၆၀ ဦးအတွက် ဆုကြေးငွေကျပ်သိန်း (၁၂၀)၊ စုစုပေါင်း ငွေကျပ်(၁၈၁၈) သိန်းအားချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး အလင်းဝင်ရောက်လာသူများကိုယ်စားအလင်းဝင်ရောက်လာသူတစ်ဦးမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများမှ အပ်နှံထားသော လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား ကြည့်ရှုစစ်ဆေး၍ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်သည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

PDF အကြမ်းဖက်အဖွဲ့က မဝင်မနေရ ခြိမ်းခြောက်စည်းရုံးခဲ့တဲ့အတွက် PDF အကြမ်းဖက်အဖွဲ့ထဲကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ အကြမ်းဖက် PDF အဖွဲ့ဝင်များက ပြည်သူများအပေါ် ဆက်ကြေးများကောက်ခံခဲ့တယ်။ အထက်အရာရှိခေါင်းဆောင်များက ကျွန်တော့်ကို ဆဲဆိုပြောဆိုခြင်းများရှိခဲ့တယ်။ ထွက်ပြေးရင်လည်းမိဘ၊ ညီအစ်ကိုမောင်နှမတွေကို ဖမ်းဆီးမယ်ဆိုပြီး ပြောတယ်။ ကျွန်တော်စိတ်ဓာတ်ကျဆင်းခဲ့ရတယ်။ ထွက်ပြေးခဲ့ပြီး အခုလို အလင်းဝင်ရောက်လာခဲ့ရခြင်းဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ အလင်းဝင်ရောက်လာတဲ့ လူငယ်တွေကိုလည်း နွေးထွေးစွာကြိုဆိုပေးနေတဲ့အတွက် အကြမ်းဖက်အဖွဲ့ထဲမှာ ကျန်ရှိနေသေးတဲ့ လူငယ်တွေကို အကြမ်းဖက်အဖွဲ့ရဲ့ ဝါဒဖြန့်ပြောစကားတွေကို နားမထောင်ဘဲ တပ်မတော်ထဲကို အလင်းဝင်ရောက်လာခဲ့ဖို့တိုက်တွန်းလိုပါတယ်”ဟုပြောသည်။

“၂၀၂၁ ခုနှစ်၊ စက်တင်ဘာလမှာ သူငယ်ချင်းတွေရဲ့ စည်းရုံးမှုနဲ့ ကျွန်တော်အဖွဲ့ထဲကို ပါသွားတာပါ။ အဖွဲ့ထဲမှာနေစဉ်ကာလကလည်း ခေါင်းဆောင်ပိုင်းတွေက သူတို့အချင်းချင်းလည်းမတည့်ကြဘူး။ နေရာလုနေကြတယ်၊ လက်အောက်ငယ်သားတွေကို ဖိနှိပ်တာမျိုး၊ ရပိုင်ခွင့်အပြည့်အဝ မရတာတွေလည်း ပါတာပေါ့။ နောက်ပိုင်းကြတော့ ကျွန်တော်လည်း ထိတွေ့တိုက်ပွဲတွေဖြစ်တဲ့ အချိန်ကျရင် သေမှာကြောက်တာတစ်ဖက် အခွင့်အလမ်းမရှိတာတစ်ဖက် အဲဒါကြောင့် ထွက်ပြေးခဲ့တာပါ။ တပ်မတော်ဘက်ကို အလင်းဝင်လာတော့လည်း ကောင်းကောင်းမွန်မွန်နဲ့ နွေးနွေးထွေးထွေးနဲ့ မိသားစုလိုညီအစ်ကိုမောင်နှမလို ကြိုဆိုတဲ့အတွက် ဝမ်းလည်းသာတယ်၊ ပျော်လည်းပျော်တယ်။ ကျန်ခဲ့တဲ့ လူငယ်လေးတွေကိုလည်း အလကားအကြောင်းမဲ့ အသေခံမယ့်အစား တပ်မတော်မှာအလင်းဝင်ပြီးတော့ ကိုယ့်မိသားစုနဲ့ အေးအေးချမ်းချမ်း ပြန်နေထိုင်စေချင်ပါတယ်” ဟုပြောသည်။

(၁၀၀)

---

▼ **ရှေ့ဖုံးမှအဆက်**

ရွှေကျင်-သာယာကုန်း ဓာတ်အားလိုင်းအား ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၆ ရက်တွင် ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ညောင်လေးပင်မြို့နယ်အတွင်းရှိ တာဝါတိုင် ၁၁ တိုင် ပြိုလဲပျက်စီးခဲ့ရာ နိုင်ငံတော်ဓာတ်အားစနစ်သို့ ရွှေကျင်ရေအားလျှပ်စစ်စက်ရုံ၏ ထုတ်လုပ်မှု ၇၅ မဂ္ဂါဝပ်အား ပို့လွှတ်နိုင်ခြင်းမရှိတော့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးအပါအဝင် ဒေသတွင်းမြို့များ၌ အချိန်ပိုင်း ဓာတ်အားဖြတ်တောက်၍ ဓာတ်အားဖြန့်ဖြူးခဲ့ရပြီး အပြစ်မဲ့ပြည်သူများမှာ လူမှုစီးပွားရေးနှင့် နေ့စဉ်ဘဝများတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ရသည်။

သို့ဖြစ်ရာ သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အစောင့်အရှောက်ရယူ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဝန်ထမ်း အင်အား ၃၀၀ တို့က ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် စွန့်လွှတ်စွန့်စားစိတ်ဓာတ်များဖြင့် မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဩဂုတ်လ ၃၀ ရက်တွင် ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှထုတ်လွှတ်သည့် လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ်အပြင် ဆက်စပ်လျက်ရှိသည့် ဓာတ်အားလိုင်းများပြုပြင်ပြောင်းလဲ ချိတ်ဆက်နိုင်ခဲ့မှုကြောင့် စုစုပေါင်း မဂ္ဂါဝပ် ၈၀ ခန့် တစ်ရက်လျှင် ယူနစ် ၃ ဒသမ ၂ သန်းကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ တိုးမြှင့်ပို့လွှတ်နိုင်ခဲ့သည်။

အဆိုပါဓာတ်အားပမာဏသည် တစ်ရက်လျှင် လူဦးရေ ၃ ဒသမ ၅ သန်းကို ဓာတ်အားဖြန့်ဖြူးပေးနိုင်သည့် ပမာဏဖြစ်ပြီး ရန်ကုန်မြို့တွင် တစ်ရက် ၈ နာရီခန့် ဝန်အားထိန်းညှိ၍ အလှည့်ကျစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးရန် မလိုတော့ဘဲ စက်တင်ဘာလ ၉ ရက်မှစတင်၍ ဓာတ်အားလိုင်းအပြစ်ဖြစ်ပေါ်ချိန်မှအပ ၂၄ နာရီ ပတ်လုံး ဓာတ်အားဖြန့်ဖြူးပေးနိုင်လျက်ရှိရာ ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝ တိုးတက်မှုကို အထောက်အပံ့များစွာ ဖြစ်စေခဲ့သည်။



၂၃၀ ကေဗွီ ရွှေကျင် -သာယာကုန်း ဓာတ်အားလိုင်းဖျက်ဆီးခံရမှုကြောင့် ပြိုလဲပျက်စီးလျက်ရှိသည့် တာဝါတိုင်များကိုတွေ့ရစဉ်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် ဓာတ်အားလိုင်းများကို လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ စောင့်ရှောက်ဖြည့်ဆည်းပေးမှု၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် အင်တိုက်အားတိုက် ပြန်လည်ပြုပြင်နိုင်ရေး ကြိုးပမ်းလျက်ရှိပြီး ပြုပြင်ပြီးစီးလာသည်နှင့်အမျှ ပြည်သူလူထုအနေဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ရရှိသုံးစွဲနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းကြီးများအပါအဝင် ဓာတ်အားစနစ်တစ်ခုလုံး လျင်မြန်စွာ တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် မိဘပြည်သူများအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။ **မြဝတီ**

---

**မှတ်သားဖွယ်ရာ**
**မိုးရေချိန်များ**
၁၀-၉-၂၀၂၆

| | |
|---|---|
| ဇလွန် | ၃ ဒသမ ၁၁ လက်မ |
| ရေး | ၂ ဒသမ ၂၈ လက်မ |
| မိတ္ထီလာ | ၂ ဒသမ ၀၉ လက်မ |
| လှည်းကူး | ၁ ဒသမ ၈၁ လက်မ |
| သာပေါင်း | ၁ ဒသမ ၇၃ လက်မ |
| မှော်ဘီ (စိုက်ပျိုးရေးမိုးလေဝသ) | ၁ ဒသမ ၅၇ လက်မ |
| ရန်ကုန် (ကမ္ဘာအေး) | ၁ ဒသမ ၅၄ လက်မ |
| မြင်းခြံ | ၁ ဒသမ ၄၂ လက်မ |
| သာစည် | ၁ ဒသမ ၃၆ လက်မ |
| ကျောက်ဖြူ | ၁ ဒသမ ၃၆ လက်မ |

# အသက် ၁၀၂ နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်



**ပြင်ဦးလွင် စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ဗိုလ်မှူးလှဖေ(အငြိမ်းစား)အား ပြင်ဦးလွင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် အသက် ၁၀၂ နှစ်ပြည့် ဂါရဝပြုဂုဏ်ပြုချီးမြှင့်ငွေများသွားရောက် ပေးအပ်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အသက် ၁၀၂ နှစ်ပြည့် ဗိုလ်မှူးလှဖေ(အငြိမ်းစား)အား ဂါရဝပြုစကား ပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၊ မန္တလေးတိုင်းဒေသကြီး(စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် ပြင်ဦးလွင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြုပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ


# ကျောင်းသားလူငယ် ဖြော့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး (Edutainment) အစီအစဉ်များကျင်းပ


**နေပြည်တော် စက်တင်ဘာ ၁၀**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဖြော့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် လူငယ်များ၏ အခန်းကဏ္ဍကိုမြှင့်တင်ရန် ရည်ရွယ်၍ လူငယ်ကဏ္ဍအသိပညာပေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ ဖြော့်မတ်တည်ကြည်သည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှုမှန်ကန်စေရန်အတွက် ဖြော့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး(Edutainment) အစီအစဉ်များကို အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်များမှစတင်၍အသိပညာပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အ.ထ.က(ပြည်စံအောင်)၊ ရှမ်းပြည်နယ် ညောင်ရွှေမြို့ အ.ထ.က (၂)နှင့် မွန်ပြည်နယ် မုဒုံမြို့ အ.ထ.က (၃)တို့တွင် အခြေခံပညာမူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၈၀၇ ဦးတို့ကို ကော်မရှင်ရုံး(နေပြည်တော်)နှင့် ကော်မရှင်ရုံးခွဲများရှိ ဝန်ထမ်းများက ဖြော့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာပါ အကြောင်းအရာများကိုအခြေခံ၍ အသိပညာပေးဆွေးနွေးဆောင်ရွက်ခဲ့ပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကော်မရှင်ရုံးနှင့် ရုံးခွဲများရှိ ဝန်ထမ်းများက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့တို့နှင့် နီးစပ်ရာမြို့များရှိ အခြေခံပညာကျောင်းများ၌ Edutainment အစီအစဉ်များဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ မြဝတီ

# မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်





**နေပြည်တော် စက်တင်ဘာ ၁၀**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင်မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာလ ၁၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်းကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

**နံနက်စောစောအိပ်ရာထသူသည် လန်းဆန်းတက်ကြွသောခံစားမှုကို ရရှိနိုင်သည်။**

# ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၁၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း(၁)ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၄ ရက်မှ ၁၉ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၂ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ ၂ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၄ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၂ ပေမှ ၃ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေမှ ၂ ပေခွဲခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၂ ပေမှ ၃ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၅ ပေခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၄ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ **(မိုး/ဇလ)**

# သွေးချိုဆီးချိုကြောင့် ဖြစ်ပေါ်လာနိုင်သော နှလုံးရောဂါ ကာကွယ်ပါ

**ဒေါက်တာသိင်္ဂီကျော်**

သွေးချိုဆီးချိုရောဂါသည် နှလုံးကိုထိခိုက်စေနိုင်သောကြောင့် သွေးချိုဆီးချိုရောဂါရှိသူများတွင် နှလုံးရောဂါခံစားရသည်ကို မကြာခဏတွေ့ရလေ့ရှိသည်။ အမေရိကန်သွေးချိုဆီးချိုရောဂါအသင်း၏ ထုတ်ပြန်ချက်အရ အရွယ်ရောက်ပြီးသူများအနက် သွေးချိုဆီးချိုရောဂါရှိသူသည် မရှိသူများထက် နှလုံးရောဂါဖြစ်နိုင်ခြေ နှစ်ဆပိုများကြောင်း သိရသည်။ ၂၀၂၅ ခုနှစ်ကထုတ်ဝေခဲ့သော ဆစ်ဒနီတက္ကသိုလ်မှ သုတေသနအသစ်အရ အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါသည် နှလုံးအတွင်း ပြောင်းလဲမှုများဖြစ်လာစေပြီး နှလုံးရောဂါဖြစ်နိုင်ခြေကို မြင့်တက်စေသည်။ အဆိုပါပြောင်းလဲမှုများသည် နှလုံးအလုပ်လုပ်နိုင်မှု လျော့နည်းလာသည်အထိ နှစ်ပေါင်းများစွာ ရောဂါလက္ခဏာမပေါ်ဘဲ ဖုံးကွယ်နေလေ့ရှိသည်။

**သွေးချိုဆီးချိုရောဂါကြောင့် နှလုံးအတွင်းပြောင်းလဲမှုများ**

သုတေသီများသည် ကျန်းမာရေးကောင်းသူများ၏ နှလုံးများကို သွေးချိုဆီးချိုရောဂါနှင့် ပြင်းထန်သော နှလုံးရောဂါရှိသူများ၏နှလုံးများနှင့် နှိုင်းယှဉ်ခဲ့သည်။ ခွဲစိတ်ခန်းတွင် လှူဒါန်းထားသော လူ့နှလုံးများကို လေ့လာခဲ့ရာ သွေးချိုဆီးချိုရောဂါသည် နှလုံး၏ ဖွဲ့စည်းပုံကို အဏုကြည့်မှန်ပြောင်းဖြင့်သာ မြင်သာသော ပြောင်းလဲမှုများကို ဖြစ်စေကြောင်း တွေ့ရသည်။ ကြွက်သားအမျှင်များ ပျက်စီးသွားပြီး နှလုံး၏သဘာဝပျော့ပြောင်းမှု ဆုံးရှုံးသွားသောကြောင့် နှလုံးကိုပြေလျော့စေပြီး ကျုံ့ရန်ပိုမိုခက်ခဲစေသဖြင့် သွေးညှစ်ထုတ်ရာတွင် ထိရောက်မှုနည်းလာသည်။ နှလုံးကြွက်သားထဲတွင် မာကျောသော အမျှင်တစ်သျှူးများ စုပုံလာစေပြီး နှလုံးကို ပိုမိုတောင့်တင်းစေသဖြင့် သွေးညှစ်ထုတ်နိုင်စွမ်းနည်းပါးလာသည်။ အထူးသဖြင့် ရုပ်ပိုင်းဆိုင်ရာကြိုးစားအားထုတ်မှုများနှင့် လေ့ကျင့်ခန်းလုပ်နေစဉ် သို့မဟုတ် ဖိစီးမှုများသောအခြေအနေများတွင် သွေးညှစ်ထုတ်ရန် ပိုမိုခက်ခဲလာသည်။ ထို့ကြောင့် သွေးချိုဆီးချိုရောဂါရှိသူများသည် ရောဂါလက္ခဏာများ နောက်ကျမှပေါ်လာတတ်သော်လည်း နှလုံးအလုပ်လုပ်နိုင်မှုလျော့နည်းနေခြင်းကို မကြာခဏတွေ့ရသည်။

ကျန်းမာသောနှလုံးသည် တစ်နေ့လျှင် အကြိမ်တစ်သိန်းခန့်ခုန်ရန်အတွက် အဆက်မပြတ်စွမ်းအင်ထောက်ပံ့မှုလိုအပ်သည်။ ပုံမှန်အားဖြင့် အဆီ၊ ဂလူးကို့စ်နှင့် ကီတုန်းများကို လောင်ကျွမ်းစေပြီး စွမ်းအင်ထုတ်လုပ်ခြင်းဖြစ်သည်။ သွေးချိုဆီးချိုရောဂါသည် နှလုံးဆဲလ်များ၏ မော်လီကျူးဖွဲ့စည်းပုံနှင့် နှလုံးဆဲလ်များ စွမ်းအင်ထုတ်လုပ်ပုံကို ပြောင်းလဲစေပြီး ကြွက်သားများကို အားနည်းစေသည်။ နှလုံးဆဲလ်များသည် အင်ဆူလင်ကို အာရုံခံနိုင်စွမ်းနည်းပါးလာသဖြင့် ဂလူးကို့စ်သည် နှလုံးဆဲလ်များအတွင်းသို့ အလွယ်တကူဝင်ရောက်နိုင်ခြင်းမရှိသောကြောင့် မိုက်တိုခွန်ဒရီးယားဟုခေါ်သော နှလုံး၏စွမ်းအင်စက်ရုံများတွင် ဖိစီးမှုခံရသည်။ အချိန်ကြာလာသည်နှင့်အမျှ ပင်ပန်းနွမ်းနယ်နေသော နှလုံးကြွက်သားသည် တဖြည်းဖြည်းခွန်အားဆုံးရှုံးလာသည်။

သွေးချိုဆီးချိုရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါနှစ်မျိုးစလုံးရှိသူများတွင် နှလုံးအတွင်းပြောင်းလဲပျက်စီးမှုများ အဆိုးရွားဆုံးဖြစ်ပေါ်နိုင်သည်။ နှလုံးသွေးကြောကျဉ်းရောဂါရှိသူများတွင် ပိတ်ဆို့နေသော သွေးလွှတ်ကြောများကြောင့် နှလုံးသွေးအလုံအလောက်မရသောအခါ သွေးချိုဆီးချိုရောဂါကြောင့် နောက်ထပ်ထိခိုက်မှုတစ်ခုဖြစ်ပေါ်စေပြီး နှလုံးပျက်စီးမှုကို ပိုမိုမြန်ဆန်စေသည်။

**သွေးချိုဆီးချိုရောဂါကြောင့် နှလုံးသွေးကြောဆိုင်ရာပြောင်းလဲမှုများ**

သွေးချိုဆီးချိုရောဂါသည် နာတာရှည်သွေးတွင်းသကြားဓာတ်မြင့်မားခြင်းကို ဖြစ်စေသောကြောင့် သွေးလွှတ်ကြောများတွင် အဆီစုပုံခြင်းကိုဖြစ်စေပြီး သွေးကြောများကျဉ်းမြောင်းလာသဖြင့် သွေးလည်ပတ်မှုကို လျော့ကျစေသည်။ သွေးလွှတ်ကြောများကို မာကျောစေပြီး သွေးခဲများစုပုံလာခြင်းနှင့်သွေးကြောများကို ပျက်စီးစေသည်။ သွေးချိုဆီးချိုရောဂါကြောင့် နှလုံးကြွက်သားများအားနည်းခြင်းနှင့် သွေးလွှတ်ကြောများကျဉ်းမြောင်းခြင်းကို ဖြစ်စေပြီး သွေးပေါင်ချိန်မြင့်တက်ခြင်းကြောင့် သွေးတွင်းသကြားဓာတ်ကို ထိန်းချုပ်ထားနိုင်လျှင်လည်း နှလုံးရောဂါ သို့မဟုတ် လေဖြတ်ခြင်းဖြစ်နိုင်ခြေရှိသည်ကို သတိပြုသင့်သည်။

သွေးကြောငယ်များပျက်စီးခြင်းနှင့် နှလုံးကြွက်သားကို ပံ့ပိုးပေးသောသွေးကြောငယ်များကျဉ်းမြောင်းခြင်းသည် နှလုံးပျက်စီးခြင်းကို ဖြစ်စေပြီး မောပန်းနွမ်းနယ်ခြင်းနှင့် အသက်ရှူမဝခြင်းကိုဖြစ်စေသည်။ သွေးချိုဆီးချိုရောဂါရှိသောလူကြီးများတွင် နှလုံးသွေးကြောကျဉ်းရောဂါသည် ကိုလက်စထရောများကိုစုပုံစေပြီး အချိန်ကြာလာသည်နှင့်အမျှ သွေးလွှတ်ကြောများကိုကျဉ်းမြောင်းစေသောကြောင့် အောက်ဆီဂျင်ကြွယ်ဝသော သွေးစီးဆင်းမှုကို လျော့ကျစေသည်။ ထို့ကြောင့် နှလုံးကြွက်သား များ အားနည်းလာပြီး နှလုံးရောဂါ၊ နှလုံးဖောက်ပြန်ခြင်း၊ လေဖြတ်ခြင်းနှင့် နှလုံးသွေးကြောပိတ်ဆို့ခြင်း ဖြစ်နိုင်ခြေပိုများလာသည်။ သွေးချိုဆီးချိုရောဂါကြောင့် အာရုံကြောများပျက်စီးမှုသည် သွေးချိုဆီးချိုရောဂါရှိသူများအား ရင်ဘတ်အောင့်ခြင်းကဲ့သို့သော ပုံမှန်နှလုံးဖောက်ပြန်ခြင်းလက္ခဏာများကို ခံစားရခြင်းမှ ကာကွယ်ပေးနိုင်ပြီး ကုသမှုနှောင့်နှေးစေနိုင်သည်။

**သွေးချိုဆီးချိုကြောင့်ဖြစ်ပေါ်လာနိုင်သော နှလုံးရောဂါလျှော့ချနိုင်မည့်နည်းလမ်းများ**

အမေရိကန်သွေးချိုဆီးချိုရောဂါအသင်းနှင့် တခြားကျွမ်းကျင်သူများက သွေးတွင်းသကြားဓာတ်၊ သွေးပေါင်ချိန်နှင့် ကိုလက်စထရောတို့ကို တင်းကျပ်စွာ ထိန်းချုပ်ခြင်းသည် နှလုံးကျန်းမာရေးအတွက် အရေးကြီးကြောင်း သတိပေးထားသည်။ သကြား၊ ဆားနှင့် ဆီနည်းသော နှလုံးကျန်းမာရေးနှင့်ညီညွတ်သည့်အစားအစာများကို စားသုံးခြင်း၊ လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်းနှင့် ဆေးလိပ်ဖြတ်ခြင်း စသည့်လူနေမှုပုံစံပြောင်းလဲမှုများသည် နှလုံးသွေးကြောဆိုင်ရာရောဂါဖြစ်နိုင်ခြေကိုလျှော့ချရန် အထောက်အကူပေးနိုင်သည်။

**❖ သကြား၊ ဆားနှင့် ဆီနည်းသော နှလုံးကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများကို စားသုံးခြင်း၊ လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်းနှင့် ဆေးလိပ်ဖြတ်ခြင်း စသည့် လူနေမှုပုံစံပြောင်းလဲမှုများသည် နှလုံးသွေးကြောဆိုင်ရာရောဂါဖြစ်နိုင်ခြေကို လျှော့ချရန် အထောက်အကူပေးနိုင် . . .**

**ပုံမှန်စစ်ဆေးမှုများပြုလုပ်ခြင်း**

သွေးကြောပျက်စီးမှုကိုကာကွယ်ရန် သွေးတွင်းသကြားဓာတ်ပမာဏကိုထိန်းသိမ်းပါ (ပုံမှန်အားဖြင့် သုံးလအတွင်း ပျမ်းမျှသွေးတွင်းသကြားဓာတ် HbA 1C ၇ ရာခိုင်နှုန်းအောက်)။ သွေးတိုးရောဂါသည် နှလုံးကို ဝန်ပိစေသောကြောင့် သွေးပေါင်ချိန်ကို စောင့်ကြည့်ပါ။ ၁၃၀/၈၀ mmHg ထက်နည်းအောင် ရည်မှန်းထိန်းချုပ်ပါ။ သွေးတွင်းကိုလက်စထရောကို ပုံမှန်ထိန်းချုပ်ပါ၊ ကိုလက်စထရောကိုလျှော့ချရန်နှင့် သွေးကြောပိတ်ဆို့ခြင်းမှ ကာကွယ်ရန် အစားအသောက်၊ လေ့ကျင့်ခန်း သို့မဟုတ် ဆေးဝါးများကို အသုံးပြုပါ။ နှလုံးရောဂါအန္တရာယ်များကို စီမံခန့်ခွဲရန် အနည်းဆုံး နှစ်စဉ် ကိုလက်စထရောစစ်ဆေးမှုများအပါအဝင် ပုံမှန်စောင့်ကြည့်ခြင်းကို အကြံပြုထားသည်။ ငြိမ်သက်စွာလဲလျောင်းအနားယူနေချိန် နှလုံးခုန်နှုန်းနှင့် စည်းချက်စစ်ဆေးခြင်း(Resting ECG)၊ နှလုံးလှုပ်ရှားမှုများ(Echocardiogram)ကို စစ်ဆေးခြင်းနှင့် လမ်းလျှောက်စက်ပေါ်တွင် လမ်းလျှောက်နေစဉ် နှလုံးခုန်နှုန်းနှင့် စည်းချက်စစ်ဆေးခြင်း (Exercise ECG) ကို စောင့်ကြည့်ရန်လိုအပ်သည့်အခါတွင် နှလုံးသွေးကြောဆိုင်ရာစစ်ဆေးမှုများ (Coronary Angiogram) ပြုလုပ်ရန် လိုအပ်သည်။

**နှလုံးရောဂါလက္ခဏာများကို စောင့်ကြည့်ရန်လိုအပ်ခြင်း**

အဖြစ်များသောလက္ခဏာများတွင် ရင်ဘတ်အောင့်ခြင်း သို့မဟုတ် မေးရိုး၊ လည်ပင်း၊ လက်မောင်း၊ ကျောနာကျင်ခြင်း၊ အသက်ရှူမဝခြင်း၊ မောပန်းခြင်း၊ ခြေထောက်များရောင်ရမ်းခြင်း၊ နှလုံးခုန်မမှန်ခြင်းတို့ပါဝင်သည်။ ရုတ်တရက် ပြင်းထန်သောရောဂါလက္ခဏာများအတွက် ချက်ချင်းကုသမှုခံယူရန်လိုအပ်သည်။

**ပိုမိုကောင်းမွန်သောကုသမှုအတွက် မျှော်လင့်ချက်**

သုတေသီများသည် နှလုံးအတွင်းစွမ်းအင်ထုတ်လုပ်မှုနှင့် အမျှင်များစုပုံခြင်းဆိုင်ရာပြဿနာများကို ရှာဖွေတွေ့ရှိလာခြင်းဖြင့် ကုသမှုလမ်းကြောင်းအသစ်များကို ဖွင့်လှစ်ပေးခဲ့သည်။ အနာဂတ်ကုထုံးများသည် နှလုံးစွမ်းအင်စနစ်များကို ကာကွယ်ခြင်း သို့မဟုတ် အမာရွတ်ဖြစ်ခြင်းကို နှေးကွေးစေခြင်းအပေါ် အာရုံစိုက်နိုင်သည်။ သုတေသနပြုလေ့လာမှုများသည် သွေးချိုဆီးချိုရောဂါရှိသူများတွင် ရောဂါလက္ခဏာများမပေါ်မီကတည်းက နှလုံးကျန်းမာရေးကို မည်သို့စောင့်ရှောက်သင့်သည်ကို ပိုမိုသိရှိစေနိုင်သည်။ ခေတ်သစ်ဉာဏ်ရည်တုနည်းပညာတိုးတက်မှုများသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအတွက် ပိုမိုအသေးစိတ်သောအန္တရာယ်ခွဲခြားမှုနှင့် နှလုံးသွေးကြောဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများကို ပေးစွမ်းနိုင်ပြီး လက်ရှိ သွေးချိုဆီးချိုရောဂါစီမံခန့်ခွဲမှုများကို ဖြည့်စွက်ပေးနိုင်သည်ဟု အကြံပြုထားသည်။

အချုပ်အားဖြင့်ဆိုရသော် သွေးချိုဆီးချိုရောဂါရှိသူများတွင် သွေးတွင်းသကြားဓာတ်မြင့်မားခြင်းကြောင့်ဖြစ်သော နာတာရှည်ဖိစီးမှုသည် နှလုံးဆဲလ်များကို ထိခိုက်စေပြီး နှလုံးကြွက်သားကို ထောက်ပံ့ပေးသော သွေးကြောများကျဉ်းမြောင်းခြင်းကြောင့် နှလုံးဖောက်ပြန်ပျက်စီးမှုကို ဖြစ်စေသည်။ သွေးချိုဆီးချိုရောဂါအမျိုးအစားအားလုံးကြောင့် ထိခိုက်ခံရသူများသည် သွေးတွင်းဂလူးကို့စ်ကို စီမံခန့်ခွဲထားသော်လည်း နှလုံးရောဂါဖြစ်ပွားနိုင်ခြေရှိနေဆဲဖြစ်သည်။ သို့ဖြစ်၍ သွေးချိုဆီးချိုရောဂါအကြိုအဆင့် သို့မဟုတ် အမျိုးအစား-၁ သို့မဟုတ် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါရှိပါက နှလုံးရောဂါ၏လက္ခဏာများကို သတိပြုသင့်ပြီး ပုံမှန်စစ်ဆေးမှုများပြုလုပ်စောင့်ကြည့်ရန်နှင့် ဆရာဝန်နှင့်ပုံမှန်ပြသရန် လိုအပ်ကြောင်း ကျန်းမာရေးသုတ မျှဝေလိုက်ရပါသည်။

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး



**ညောင်ရွှေ စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး ရည်ရွယ်၍ ဟဲယာရွာမကျေးရွာအုပ်စု ပန်းပဲကျေးရွာ၌ ဆောင်ရွက်ထားသော မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများကို စက်တင်ဘာလ ၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့်ဝန်ထမ်းများက ပန်းပဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးကြသည်။

ပန်းပဲကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀၀ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးအတွက် ငွေကျပ် ၅၆ ဒသမ ၆၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုပြိုင်ပွဲများကျင်းပ

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ရတနာမော်ကွန်းခန်းမ၌ စက်တင်ဘာလ ၉ ရက်နံနက်ပိုင်းတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအကြိုပြိုင်ပွဲများ ဆောင်ရွက်သည်။

အဆိုပါပြိုင်ပွဲများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင့်ဆွေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးနိုင်လင်းနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက် ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



# ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစပါးဧက ၆၈၀၀၀ ကျော်ထိ စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ စက်တင်ဘာ ၁၀**



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၇၀၀၃၃ ဧက စိုက်ပျိုးရန် လျာထားပြီး ဇူလိုင်လမှ စတင်စိုက်ပျိုးခဲ့ရာ ၆၈၃၃၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ စပါး ၇၀၀၃၃ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်၊ ဒီနေ့ထိ စပါး ၆၈၃၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ တောင်သူတွေကိုလည်း စပါးစိုက်ပျိုးတာနဲ့ပတ်သက်ပြီး အထွက်နှုန်းများ ကောင်းမွန်စေဖို့အတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ စိုက်ပျိုးရေစနစ်တကျ သုံးစွဲဖို့နဲ့ ရောဂါကင်းဝေးစေဖို့ စိုက်ပျိုးရေးအသိပညာပေးတာတွေ ကွင်းဆင်းဆောင်ရွက်နေပါတယ်”ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးစိုက်ပျိုးတောင်သူများကိုအထွက်နှုန်းကောင်းသော စပါးမျိုးများ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းပြီး မိုးစပါးလျာထားချက်ဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားရေရိက္ခာဖူလုံပေါများရေးနှင့်ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့် ဆန်သည် မြန်မာနိုင်ငံအတွက် ဖူလုံမှုရှိပြီးဖြစ်သည့်အပြင် ပြည်ပသို့လည်း နှစ်စဉ်တင်ပို့လျက်ရှိသည်။ ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။ လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## ငါတို့

☞ သူ့အရာ
သူပါလေမှ။
သို့တစေ သူတစ်ယောက်ထဲ
အောင်ပွဲမလှ။

☞ သင့်အရာ
သင်ပါလေမှ။
သို့တစေ သင်တစ်ယောက်ထဲ
အောင်ပွဲမလှ။

☞ ငါ့အရာ
ငါပါလေမှ။
သို့တစေ ငါတစ်ယောက်ထဲ
အောင်ပွဲမလှ။

☞ သူ သင် ငါ
ဖြူစင်စွာ
တူယှဉ်မကွာ လက်ချင်းတွဲ။
ခရီးဆုံးတိုင်ပ
နည်းထုံးပြု ဘ၀အခြေသာဖို့
စည်းလုံးမှု အလှစေတနာနဲ့
မျှဝေကာ ရယူစို့
“ငါတို့”အောင်ပွဲ။ ။

**ချစ်စုအောင်**

# မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြော



**ကျိုက်လတ် စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားရေးနှင့် အသိပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ အသိပညာပေး ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို စက်တင်ဘာလ ၉ ရက်မွန်းလွဲပိုင်းက အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ရီရီမြင့်က မူးယစ်ဆေးဝါးသုံးစွဲမှု၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများ၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများအား အသိပညာပေး ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်စာစောင်များ၊ လူကုန်ကူးမှုအကြောင်းနှင့် ပတ်ဝန်းကျင်သာယာဖို့ စနစ်တကျအမှိုက်စွန့်ပစ်ကြပါစို့သိကောင်းစရာ အသိပညာပေးနံရံကပ်စာစောင်များကို ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနွယ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်းသိရသည်။

**လှိုင်မင်းအောင် (ပြန်/ဆက်)**

# (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကြိုဆိုဂုဏ်ပြု စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၀**



မန္တလေးတိုင်းဒေသကြီးမိတ္ထီလာမြို့ အမှတ်(၃၅) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာလ ၁၀ ရက် နံနက်ပိုင်းတွင် ပေါက်ချောင်းရပ်ကွက်ရှိ ခုတင်-၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲကို အမှတ်(၃၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲမှူးမျိုးအောင်၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ခုတင် -၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ သွေးလှူဒါန်းခဲ့ရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား မုန့်နှင့်အားဖြည့်အချိုရည်တို့ကို ပေးအပ်သည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲတွင် အမှတ်(၃၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှရဲတပ်ဖွဲ့ဝင် ၆၂ ဦးနှင့်မိသားစုဝင် ၁၅ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြောင်း သိရသည်။

(၆၀၂)

**မလိုသောမီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။**



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးစဉ်။

## မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၀**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ ဝေဠုဝန်ကျောင်းတိုက်အတွင်း၌အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော် ၃၀ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာအရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက်ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သောရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာအတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ




တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၀**


ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိ ပြည်ငြိမ်းအေးခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်၊ ထို့နောက်တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသောရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နေပြည်တော်အတွင်း လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၀**

နေပြည်တော်အတွင်း လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌဦးကံမြင့်သန်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လျှပ်စစ်သုံးမော်တော်ယာဉ်အရောင်းပြခန်းများနှင့် Charging Station များ ဖွင့်လှစ်ခွင့်ပြုပါရန် တင်ပြလာခြင်းများကိုတွေ့ရှိရပြီး သက်ဆိုင်ရာဌာနများမှ လျှပ်စစ်သုံးမော်တော်ယာဉ်အရောင်းပြခန်းများနှင့် Char-ging Station များ ဖွင့်လှစ်ခွင့်အတွက် မြေပြင်ကွင်းဆင်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာဌာနများ၏ ဥပဒေလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ စံနှုန်းသတ်မှတ်ချက်များနှင့် အညီကိုက်ညီမှု ရှိ၊ မရှိ စနစ်တကျ စစ်ဆေးရန် လိုအပ်ပါကြောင်း၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဟူသော အမျိုးသားရေးဆောင်ပုဒ်နှင့်အညီ မီးခိုးငွေ့များ ထုတ်လွှတ်သည့်ယာဉ်များသုံးစွဲမှုအစား EV သုံးစွဲမှုမှတစ်ဆင့် ရုပ်ကြွင်းလောင်စာအပေါ် မှီခိုရမှု၊ စက်သုံးဆီအတွက် နိုင်ငံခြားငွေ ကုန်ကျစရိတ်များကိုလျှော့ချနိုင်ရေး၊ လေထုနှင့် အသံညစ်ညမ်းမှုများ လျှော့ချနိုင်ကာ ကျန်းမာရေးကောင်းမွန်မှုအပါအဝင် အခြားဆုလာဘ်များကို ပြည်သူတို့ရရှိခံစားနိုင်စေရေးအတွက် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်သွားကြရန်နှင့် ပြည်တွင်းထုတ်လုပ်ရေးကို မြှင့်တင်နိုင်ရေးအတွက် သုတေသနများ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

# သံအမတ်ကြီး ဦးမျိုးမိုးအောင်အား ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးမိုးအောင်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ်ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။


မြဝတီ

❖ **ရှေ့ဖုံးမှအဆက်**

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် 2026 ASEAN SMOKE – FREE AWARD တတိယဆုကို မြန်မာနိုင်ငံ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်နှင့်အတူ အင်ဒိုနီးရှားနိုင်ငံ ဒီးပေါ့ခ်မြို့၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၊ ဖိလစ်ပိုင်နိုင်ငံ ပါစစ်မြို့နှင့် ထိုင်းနိုင်ငံ မဟာဆာရာခမ်မြို့တို့က ရရှိခဲ့သည်။

ထို့အတူ ဒုတိယဆုကိုမလေးရှားနိုင်ငံ ဂျော့ရှ်တောင်းမြို့ကလည်းကောင်း၊ ပထမဆုကို ဖိလစ်ပိုင်နိုင်ငံ ဘာဂီယိုမြို့ကလည်းကောင်း ရရှိခဲ့သည်။

အဆိုပါဆုကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပလျက်ရှိသော (၁၇)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား လက်ခံရယူခဲ့ကြောင်း သိရသည်။ မြဝတီ




# "လော်ဝေါ်" လူမျိုးအမည်အခေါ်အဝေါ် အသုံးအနှုန်းမှန်ကန်စေရေး ဆောင်ရွက်လျက်ရှိ

**မြစ်ကြီးနား စက်တင်ဘာ ၁၀**

မြစ်ကြီးနား၊ ဝိုင်းမော်၊ ချီဖွေ၊ ဆော့လော်မြို့နယ်တို့မှ လော်ဝေါ်တိုင်းရင်းသား မျိုးနွယ်စုများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ဝိုင်းမော်မြို့ အမှတ်(၁)ရပ်ကွက် လော်ဝေါ်ယဉ်ကျေးမှုကွင်းအတွင်းရှိ ဒူဝါကြီး လော်ဝါးဇောင်းခေါင် အောက်မေ့ဖွယ်ဗိမာန်၌ကျင်းပရာ လော်ဝေါ်စာပေနှင့်ရိုးရာယဉ်ကျေးမှု ဥက္ကဋ္ဌ ဦးလမောင်ဂျုံးဒိုင်က လော်ဝေါ်မျိုးနွယ်စုများအပေါ် လူမျိုးအမည် လော်ဝေါ်အစား အမည်မှားများဖြစ်သည့် "လော်ဂေါ် နှင့် မရူ" ဟူသော အခေါ်အဝေါ်၊ အသုံးအနှုန်းနှင့် ရေးသားဖော်ပြနေကြခြင်းအား ပယ်ဖျက်နိုင်ရေး နိုင်ငံတော်အကြီးအကဲများထံ တင်ပြဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က "လော်ဝေါ်" အစား အမည်မှားများသုံးနှုန်းခေါ်ဝေါ်ခြင်းမရှိစေရေး "လော်ဝေါ်" အမည်တစ်ခုတည်းသာ သတ်မှတ်သုံးစွဲခေါ်ဆိုနိုင်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေရေး၊ အထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့မှသာ မိမိတို့ မျိုးနွယ်စုအမည်မှန်ကို ခေါ်ဝေါ်သုံးစွဲကြမည်ဖြစ်ပြီး နိုင်ငံတော်ကလည်း တိုင်းရင်းသားများ၏ အခွင့်အရေးနှင့်အညီ အတည်ပြုသတ်မှတ်ဆောင်ရွက်ပေးမည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။



ထို့နောက် လော်ဝေါ်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့နာယက ဦးဘီထောဇောင်းက မျိုးနွယ်စုအမည်များဖြစ်သည့် အခြားအမည်များ ခေါ်ဝေါ်သုံးစွဲလာမှုအပေါ် အမည်မှန်ခေါ်ဆိုရေးဆောင်ရွက်ခဲ့ရသည့်အခြေအနေများ၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ ချီဖွေ၊ ဆော့လော်မြို့နယ်တို့မှ လော်ဝေါ်မျိုးနွယ်စုကိုယ်စားလှယ်များကလည်း မျိုးနွယ်စုအမည် မှန်ကန်စွာရေးသားခေါ်ဝေါ်နိုင်ရေး ကြိုးပမ်းမှုအပေါ် ကြိုဆိုကြောင်း ထောက်ခံဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ထို့ပြင် အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကတို့က သင်တန်းတွင် ပထမဆုနှင့် ဒုတိယဆုရသင်တန်းသူအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်းနှင့် သင်တန်းသူများ၏ သင်တန်းမှ လက်တွေ့သင်ကြားထားသည့် အထည်ချုပ်ပညာရပ်များနှင့်အသင့်ချုပ်ထားသော အမျိုးသမီးဝတ်စုံများနှင့် အဝတ်အထည်များ ပြသထားရှိမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ၁၀-၉-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၅၀,၀၀၀)ကျပ်** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


## (၁၀-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၂.၇ ~ ၃၆၆၅.၃ | ၅၁၇.၆ ~ ၅၁၇.၉ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၁၈၅,၇၀၆.၃၁ | ၇,၄၈၅,၈၄၃.၆၉ | ၂၂,၁၇၉,၃၆၅.၅၀ | - |

# ပဲပုပ်သီးနှံစိုက်ပျိုး၍ ဆီနှင့်ပရိုတင်းဓာတ်ပြည့်ဝရေးဆောင်ရွက်ကြပါစို့

မူမူ(မလှိုင်)

ပဲပုပ်သီးနှံသည် ပဲမျိုးရင်းဝင်ဖြစ်ပြီး Glycine ussuriensis မျိုးစိတ်မှဆင်းသက်သည်။ ပဲပုပ်၏ မူရင်းဒေသမှာ တရုတ်နိုင်ငံဖြစ်ပြီး ကမ္ဘာတစ်ဝန်းတွင် ပဲပုပ်စိုက်ပျိုးထုတ်လုပ်သော နိုင်ငံပေါင်း ၁၀၄ နိုင်ငံထိ



ရှိပြီး နှစ်စဉ်တန်ချိန် ၃၄၈ ဒသမ ၇ သန်းကျော် စိုက်ပျိုးထုတ်လုပ်သည်။ ပဲပုပ်မျိုး များစွာရှိရာ သက်တမ်းကာလကိုလိုက်၍ မျိုးအုပ်စု ၁၀ စုခွဲခြားထားသည်။ ပဲစေ့အရောင်ကိုလိုက်၍ အဝါရောင်ပဲပုပ်၊ အနက်ရောင်ပဲပုပ်၊ အစိမ်းရောင်ပဲပုပ်ဟူ၍လည်း အလွယ်တကူခွဲခြားလေ့ရှိသည်။ ပဲပုပ်အပင်၏ သက်တမ်းအရလည်း သက်လျင် ၈၀-၁၀၀ ရက်၊ သက်လတ် ၁၀၅ - ၁၂၀ ရက်၊ သက်ကြီးမျိုး ၁၂၀ -၁၄၀ ရက် စသဖြင့်လည်းကွဲပြားကြသည်။ အပူပိုင်းဒေသများတွင် အကြီးမြန်သော သက်လျင်မျိုးကိုစိုက်ပျိုးမှုများသည်။ အများစုမှာ သက်လတ်မျိုးကိုရွေးချယ်စိုက်ပျိုးကြပြီး ရာသီအချိန်ပေးနိုင်ပြီး အထွက်နှုန်းမြင့်မားစွာလိုချင်သူများမှာ ပူနွေးရာသီအစတွင် နွေပဲပုပ်အဖြစ် သက်ကြီးမျိုးကိုရွေးချယ်စိုက်ပျိုးလေ့ရှိသည်။ ထို့ပြင် ဆီထွက်ပဲပုပ်၊ ပရိုတင်းအခြေခံအသားပဲပုပ်အသားတုနှင့် တိရစ္ဆာန်အစာထုတ်လုပ်ရန်၊ အဆီဓာတ်များသောပဲပုပ်(ပဲနို့၊ မုန့်နှင့်တိုဟူးထုတ်ရန်)၊ ပရိုတင်းရော ဆီဓာတ်ပါ မျှတစွာပါဝင်သော အမျိုးစုံသုံးနိုင်သည့်ပဲပုပ် စသဖြင့်လည်း မျိုးအလိုက်ကွဲပြားမှုများရှိကြောင်းတွေ့ရပါသည်။ ပဲပုပ်သည် ရေးအကျဆုံးစားသုံးသီးနှံဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာထုတ်လုပ်ပေးနိုင်သော အသုံးဝင်ဆုံးသီးနှံအဖြစ် ကမ္ဘာတစ်ဝန်းစိုက်ပျိုးထုတ်လုပ်ကြကာ တိုးတက်အောင်မြင်လျက်ရှိသော သီးနှံဖြစ်သည်။

မြန်မာနိုင်ငံတွင် ပဲပုပ်သီးနှံကို ပြည်တွင်းစားသုံးရန်နှင့် ပြည်ပသို့ ဆီထွက်သီးနှံအဖြစ် တင်ပို့လျက်ရှိပြီး ဈေးကွက်ဝင်ပိုမိုတင်ပို့နိုင်ရေးကိုကြိုးပမ်းနေသော စာရင်းဝင်သီးနှံတစ်ခုဖြစ်သည်။ ပဲပုပ်ကို ပဲငါးပိဟုလည်းခေါ်ကြသည်။ ပဲပုပ်သီးနှံသည် အာဟာရနှင့် စီးပွားရေးရှုထောင့်အရ တန်ဖိုးရှိ၍ အရေးပါသည့် သီးနှံတစ်ခုဖြစ်သည်။ အသားဓာတ် ခေါ် ပရိုတင်း ၄၀-၄၅ ရာခိုင်နှုန်းနှင့် ဆီဓာတ် ၁၉-၂၀ ရာခိုင်နှုန်း ပါဝင်သည်။ ပဲပုပ်ဆီသည် ကမ္ဘာ့ထိပ်တန်းနေရာတွင် ရှိသည့် ဟင်းသီးဟင်းရွက်ဆီတစ်မျိုးဖြစ်သည်။ မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးကာ ပဲနို့၊ အသားတု၊ ဆီ၊ ဆီကြိတ်ဖတ်၊ ပဲမှုန့်၊ ပဲကြော်၊ ပဲတိုဟူး၊ ပဲငါးပိရည် အစရှိသဖြင့် အသွင်အမျိုးမျိုးပြုပြင်စားသောက်၍ ရသော သီးနှံပင်ဖြစ်သည်။ မူလနဂိုပဲပုပ်အသီးတောင့်ကိုလည်း မြန်မာလူမျိုးတို့နှစ်ခြိုက်တတ်သော ပဲစင်းငုံတို့ မြေပဲတို့ ပြုတ်သလို ပြုတ်စား၍လည်း ရသည်။

ပဲပုပ်စေ့လုပ်ငန်းသည် ပဲမှုန့်၊ ပဲအခွံ၊ ပဲချဉ်အကြွင်းအကျန်၊ သကြား၊ ပဲနို့ရည်နှင့် ဆပ်ပြာအခြေခံ ကုန်ကြမ်းတို့အပါအဝင် အမျိုးမျိုးသောတန်ဖိုးမြှင့်ပစ္စည်းများကို ထုတ်လုပ်ပေးနိုင်သည်။ ၎င်းတို့သည်




တိရစ္ဆာန်အစာ၊ လူအစားအစာ၊ ဇီဝလောင်စာဖြစ်ပစ္စည်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ကျယ်ပြန့်စွာအသုံးပြုနိုင်သည်။ အဆိုပါပဲပုပ်သီးနှံ၏ပရိုတင်းဓာတ်ကိုအခြေခံကာ တိုဟူး၊ ဟင်းသီးဟင်းရွက်ဆီနှင့် ဆီကြိတ်ဖတ်တို့ကို ထုတ်လုပ်ရယူနိုင်သည်။ တစ်နည်းအားဖြင့်ပဲပုပ်အသုံးပြုမှုများသည် တိရစ္ဆာန်အစာအတွက် ပရိုတင်းမှုန့် ၇၀ ရာခိုင်နှုန်းနှင့် လူစားသုံးရန် အပင်ဆီ ၃၀ ရာခိုင်နှုန်း အဓိကရင်းမြစ်ဖြစ်ပြီး ကမ္ဘာ့အရေးပါသော စိုက်ပျိုးမှုတစ်ခုဖြစ်သည်။

ကမ္ဘာ့ပဲပုပ်စိုက်ဒေသများကိုကြည့်လျှင်အမေရိကန်၊ ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့သည် ပဲပုပ်အဓိကထုတ်လုပ်သောနိုင်ငံများဖြစ်ပြီး ကမ္ဘာ့စိုက်ပျိုးထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းခန့်ထိရှိသည်။ ဘရာဇီးနိုင်ငံသည် ပဲပုပ်ထုတ်လုပ်မှုကိုထိန်းချုပ်နေပြီး ၎င်းနိုင်ငံ၏ စိုက်ပျိုးရေးမြေပြင်ကျယ်ပြန့်မှုနှင့် ရာသီဥတုအဆင်ပြေမှုကြောင့် ကမ္ဘာ့ပဲပုပ်ထုတ်ကုန်၏အရေးပါသော အစိတ်အပိုင်းတစ်ခုကို ပိုင်ဆိုင်ထားသည်။ အမေရိကန်ပြည်ထောင်စုသည် ပဲပုပ်စိုက်ပျိုးမှု၌ ဒုတိယနေရာတွင်ရှိနေပြီး အဓိကအားဖြင့် အိုင်အိုဝါ၊ အီလီနွိုင်းနှင့် မင်နီဆိုးတာကဲ့သို့သော အလယ်အလတ် အနောက်ပိုင်းပြည်နယ်များတွင် ထုတ်လုပ်သည်။ အာဂျင်တီးနားနှင့် တရုတ်တို့သည် ကမ္ဘာလုံးဆိုင်ရာ ပဲဈေးကွက်တွင် အရေးပါသော အခန်းကဏ္ဍများကို ထမ်းဆောင်နေပြီး အာဂျင်တီးနားသည် ပဲပုပ်ထုတ်ကုန်များ၏ အဓိကတင်ပို့သူတစ်ဦးဖြစ်သည်။

အိန္ဒိယ၊ ပါရာဂွေးနှင့် ကနေဒါစသောနိုင်ငံများသည် စုစုပေါင်းထုတ်လုပ်မှုတွင် ပါဝင်ကူညီပြီး အစားအစာ၊ တိရစ္ဆာန်အစာနှင့် ဘိုင်အိုလောင်စာကဏ္ဍတွင် ပါဝင်ကာ စက်မှုလုပ်ငန်းအမျိုးမျိုးတွင် ပဲပုပ်အတွက် ကမ္ဘာလုံးဆိုင်ရာလိုအပ်မှုကို အထောက်အကူပြုနေသည်။ ဤအချက်မှာ ကမ္ဘာ့ စိုက်ပျိုးရေးနှင့် ထုတ်လုပ်မှု အကြီးဆုံးနိုင်ငံများ၏ စီးပွားရေးအတွက် ပဲပုပ်၏ အရေးပါမှုကို ထင်ဟပ်စေသည်။

တရုတ်နိုင်ငံသည် အာရှတွင် ပဲပုပ်ထုတ်လုပ်မှု အကြီးဆုံးနိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံတွင် ပဲပုပ်စိုက်ပျိုးမှုသမိုင်းရှည်လျားပြီး လွန်ခဲ့သောနှစ် ၅၀၀၀ ကျော်ရှိကာ စိုက်ပျိုးရေးနှင့် လူမှုရေးတွင် အသုံးပြုမှုကို လွန်ခဲ့သော နှစ် ၂၀၀၀ ကျော်ကပင် မှတ်တမ်းတင်ထားရှိသည်။ ယနေ့တွင် တရုတ်နိုင်ငံသည် အာရှတွင်ဗီဇပြုပြင်မှုမရှိသောပဲပုပ် တစ်နည်းအားဖြင့် Genetically Modified Organism- GMO မပါသောပဲပုပ်ထုတ်လုပ်မှု အကြီးဆုံးနိုင်ငံဖြစ်ပြီး ဂျီအမ်အိုပဲပုပ်များကို အကြီးဆုံးတင်သွင်းသူလည်း ဖြစ်သည်။ ၂၀၂၂-၂၀၂၃ ရာသီသီးနှံနှစ်တွင် တရုတ်နိုင်ငံသည် ပဲပုပ်ကို ခန့်မှန်းခြေ ၂၀ ဒသမ ၂၈၅ သန်း မက်ထရစ်တန်ထုတ်လုပ်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်ထက် ၁၆ ဒသမ ၃၉၅ သန်း မက်ထရစ်တန်မှ ၃ ဒသမ ၈၉ သန်းမက်ထရစ်တန် တိုးတက်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏ထုတ်လုပ်မှုနှင့် ဒေသဆိုင်ရာဖြန့်ဖြူးမှုကိုဆန်းစစ်လျှင် တရုတ်နိုင်ငံတွင် ပဲပုပ်စိုက်ပျိုးမှုသည် ကျယ်ပြန့်ပြီး ပဲပုပ်မစိုက်သော ပြည်နယ်ခြောက်ခု သို့မဟုတ် ခုနစ်ခုသာရှိသည်။ ကျန်ရှိသော ပြည်နယ်များသည် အမျိုးမျိုးသော ပဲပုပ်အမျိုးအစားများကို စိုက်ပျိုးပြီး နိုင်ငံ၏ရာသီဥတုနှင့် စိုက်ပျိုးရေးဇုန်များ မတူညီသောအချိန်များတွင် စိုက်ပျိုးကြသည်။ တရုတ်အစိုးရသည် ပြည်တွင်းထုတ်လုပ်မှုကိုထောက်ပံ့ပေးပြီး နိုင်ငံတွင်းရှိ စိုက်ပျိုးမြေပိုင်ဆိုင်မှုဖြင့် GMO ပဲပုပ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးသည့် “ပဲပုပ်ပြန်လည်တက်ကြွရေးအစီအစဉ်”ကို အကောင်အထည်ဖော်ထားကြောင်း တွေ့ရသည်။

ကမ္ဘာလုံးဆိုင်ရာအခြေအနေတွင် အမေရိကန်နှင့် ဘရာဇီးသည် ကမ္ဘာလုံးဆိုင်ရာပဲပုပ်ထုတ်လုပ်မှုကို ဦးဆောင်နေသော်လည်း တရုတ်နိုင်ငံ၏ထုတ်လုပ်မှုသည် အာရှအတွင်းတွင်အရေးပါပြီး ပဲပုပ်သီးနှံမှ အစားအစာ၊ တိရစ္ဆာန်အစာနှင့် စက်မှုအသုံးပြုမှုများအတွက် ပြည်တွင်းတောင်းဆိုမှုကို ဖြည့်ဆည်းရာတွင် အရေးပါသောအခန်းကဏ္ဍကို ထမ်းဆောင်နိုင်သည်။ နိုင်ငံ၏ထုတ်လုပ်မှု မဟာဗျူဟာသည် နိုင်ငံတွင်းစားသုံးမှုအတွက် GMO မပါသော စိုက်ပျိုးမှုကို အားပေးထားပြီး စက်မှုနှင့် တိရစ္ဆာန်မွေးမြူရေးအတွက် GMO ပဲပုပ်တင်သွင်းမှုနှင့်ချိတ်ဆက်ညှိနှိုင်းထားသည်။

ကမ္ဘာ့ပဲပုပ်ထုတ်လုပ်မှု ထိပ်တန်းနိုင်ငံ ၁၀ ခု စာရင်းကိုကြည့်လျှင် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်မှုအလိုက် **ဘရာဇီး** ၁၆၃၀၀၀၀၀၀ မက်ထရစ်တန်၊ **အမေရိကန်ပြည်ထောင်စု** ၁၁၁၇၀၃၀၀၀ မက်ထရစ်တန်၊ **အာဂျင်တီးနား** ၄၈၀၀၀၀၀၀ မက်ထရစ်တန်၊ **တရုတ်** ၂၀၅၀၀၀၀၀ မက်ထရစ်တန်၊ **အိန္ဒိယ** ၁၁၀၀၀၀၀၀ မက်ထရစ်တန်၊ **ပါရာဂွေး** ၁၀၀၀၀၀၀၀ မက်ထရစ်တန်၊ **ကနေဒါ** ၆၇၀၀၀၀၀ မက်ထရစ်တန်၊ **ရုရှား** ၆၀၀၀၀၀၀ မက်ထရစ်တန်၊ **ယူကရိန်း** ၄၈၀၀၀၀၀ မက်ထရစ်တန်၊ **ဘိုလီးဗီးယား** ၃၃၀၀၀၀၀ မက်ထရစ်တန် အသီးသီးအစဉ်လိုက်ရှိကြသည်။ ၂၀၂၄ ခုနှစ် စာရင်းများအရလည်း ထုတ်လုပ်မှုစံချိန်တိုးတက်ခဲ့ပြီး နိုင်ငံစဉ်မှာမပြောင်းလဲဘဲရပ်တည်နေကြောင်း တွေ့ရှိရသည်။ **စာမျက်နှာ ၁၃ သို့ ♦**

❖ **ပဲပုပ်သည် ရေးအကျဆုံးစားသုံးသီးနှံဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာထုတ်လုပ်ပေးနိုင်သော အသုံးဝင်ဆုံးသီးနှံအဖြစ် ကမ္ဘာတစ်ဝန်းစိုက်ပျိုးထုတ်လုပ်ကြကာ တိုးတက်အောင်မြင်လျက်ရှိသောသီးနှံဖြစ် . . .**

❖ **မြန်မာနိုင်ငံတွင် ပဲပုပ်သီးနှံကို ပြည်တွင်းစားသုံးရန်နှင့် ပြည်ပသို့ ဆီထွက်သီးနှံအဖြစ် တင်ပို့လျက်ရှိပြီး ဈေးကွက်ဝင်ပိုမိုတင်ပို့နိုင်ရေးကိုကြိုးပမ်းနေသော စာရင်းဝင်သီးနှံတစ်ခုဖြစ် . . .**

❖ **ပဲပုပ်သီးနှံသည် အာဟာရနှင့် စီးပွားရေးရှုထောင့်အရ တန်ဖိုးရှိ၍ အရေးပါသည့် သီးနှံတစ်ခုဖြစ် . . .**

♦ စာမျက်နှာ ၁၂ မှ

ပဲပုပ်စေ့ထုတ်လုပ်မှု အမြင့်ဆုံးနိုင်ငံများမှ ဘရာဇီးသည် ကမ္ဘာ့ဦးဆောင်နိုင်ငံဖြစ်ပြီး နှစ်စဉ် ပဲပုပ်ထုတ်လုပ်မှု ၁၃၄ ဒသမ ၉ မှ ၁၅၂ ဒသမ ၁ သန်းခန့်ရှိပြီး ထုတ်လုပ်မှုသည် နိုင်ငံ၏ အလယ်အနောက်ဒေသ (Mato Grosso, Goias, Mato Grosso do Sul)တို့တွင် အဓိကစိုက်ပျိုးဖြစ်သည်။ ဘရာဇီးတွင်လည်း တစ်နှစ်လျှင် နှစ်ကြိမ်စိုက်ပျိုးခြင်းကိုလုပ်ဆောင်လေ့ရှိသည်။ ဆောင်းတွင်အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ပဲပုပ်စိုက်ပျိုးကာ နွေဦးတွင် ဖေဖော်ဝါရီလမှ ဧပြီလအထိ စိုက်ပျိုးကြသည်။ ထို့နောက် ပြောင်း၊ စပါးစိုက်ပျိုးခြင်းဖြင့် မြေပြင်၌ထိရောက်မှုကိုအများဆုံးဖြစ်စေသည်။

အမေရိကန်ပြည်ထောင်စုသည် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှု ဒုတိယနေရာတွင်ရှိပြီး တစ်နှစ်လျှင် ၁၁၃ မှ ၁၂၀ ဒသမ ၇ သန်းခန့်ထုတ်လုပ်သည်။ အာဂျင်တီးနားမှာ ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုတတိယအကြီးဆုံးထုတ်လုပ်သူဖြစ်ပြီး နှစ်စဉ် ၂၅ မှ ၄၆ ဒသမ ၂ သန်းခန့် ထုတ်လုပ်နိုင်သော်လည်း မိုးလေဝသမတည်ငြိမ်မှုနှင့် ရာသီဥတုမတည်ငြိမ်မှုကြောင့် ထုတ်လုပ်မှုမတည်ငြိမ်ခဲ့ကြောင်း တွေ့ရသည်။ အခြားထင်ရှားသောထုတ်လုပ်သူများမှာ ပါရာဂွေး၊ တရုတ်နှင့် အိန္ဒိယတို့လည်း အရေးပါသော ပဲပုပ်ထုတ်လုပ်သူများဖြစ်ပြီး ပါရာဂွေးသည် ၁၀ မှ ၁၂ သန်းခန့်၊ တရုတ်သည် ၁၈ မှ ၂၀ သန်းခန့်၊ အိန္ဒိယသည် ၁၀ သန်းခန့်ထုတ်လုပ်သည်။

ပဲပုပ်သီးနှံနှင့်ပတ်သက်၍ ဒေသဆိုင်ရာအမြင်များမှာ တောင်အမေရိကသည် ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှုကိုဦးဆောင်နေပြီး ဘရာဇီးနှင့် အာဂျင်တီးနားတို့သည် တင်ပို့ဈေးကွက်အများစုကိုပံ့ပိုးပေးသည်။ အထူးသဖြင့် ဘရာဇီးသည် ပဲပုပ်တင်ပို့မှု၏ ၇၅ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ ပေးသွင်းသည်။ မြောက်အမေရိကသည် အမေရိကန်မှတစ်ဆင့် အရေးပါသော အခန်းကဏ္ဍများကို ထောက်ပံ့ပေးပြီး အမေရိကန်သည် တိုးတက်သော ပဲပုပ်စိုက်ပျိုးရေးနည်းပညာများ၊ ဥပမာ သီးညှပ်စိုက်ပျိုးခြင်းနှင့် မျိုးစေ့မျိုးစုံတိုးတက်မှုများကြောင့် ပဲပုပ်ထွက်ရှိမှုမြင့်မားခြင်းကို ထိန်းသိမ်းထားသည်။ အာရှတွင် တရုတ်နှင့် အိန္ဒိယသည် ပဲများကို အဓိကအားဖြင့် ပြည်တွင်းစားသုံးမှုအတွက် ထုတ်လုပ်ကြပြီး တရုတ်သည် တိရစ္ဆာန်အစာလိုအပ်ချက်များကို ဖြည့်ဆည်းရန် တင်သွင်းမှုများကို အလေးပေးထားသောဈေးကွက်ကြီးတည်ရှိနေသည်။

မြန်မာနိုင်ငံ၏ စားသုံးဆီသုံးစွဲမှုပမာဏမှာ တစ်နှစ်လျှင် ခန့်မှန်းခြေအားဖြင့် မက်ထရစ်တန်ချိန် ၁ ဒသမ ၁၇ သန်းရှိသည့်အနက် နှစ်စဉ်တင်သွင်းနေမှုပမာဏမှာ မက်ထရစ်တန်ချိန် သုည ဒသမ ၆၉ သန်းရှိသည်။ ပြည်တွင်းစားသုံးမှုအတွက် နှစ်စဉ်တင်သွင်းနေရသောစားသုံးဆီပမာဏမှာ၅၈ ရာခိုင်နှုန်းရှိနေသည်။ အဓိကတင်သွင်းနေရသည့် စားသုံးဆီများမှာ စားအုန်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီ၊ မုန်ညင်းဆီနှင့် သံလွင်ဆီတို့ဖြစ်ကြသည်။ ထို့အတူ မွေးမြူရေးကဏ္ဍအတွက် ပဲပုပ်ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ် နှစ်စဉ်တင်သွင်းနေမှု ပမာဏမှာ မက်ထရစ်တန်ချိန် သုည ဒသမ ၆ သန်းရှိသည်။ ပဲပုပ်သီးနှံကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ကြခြင်းဖြင့် ဟင်းချက်ဆီအဖြစ်ကြိတ်ခွဲအသုံးပြုနိုင်သည်။ စားသုံးဆီဖူလုံမှုအားအထောက်အကူဖြစ်စေမည့်အပြင် တိရစ္ဆာန်အစာအတွက် ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ပြည်တွင်းတိရစ္ဆာန်အစာထုတ်ကုမ္ပဏီများ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း တိရစ္ဆာန်အစာထုတ်လုပ်မှု ၂၁၄၁၄၂၈ တန်ဖြစ်ပြီး ရောစပ်ရာတွင်အသုံးပြုရန် ပဲပုပ်ကြိတ်ဖတ်လိုအပ်ချက်မှာ ၅၃၅၃၅၇ တန်ရှိသည့်အတွက် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ပဲပုပ်ကြိတ်ဖတ်ကဲ့သို့သော အစာကုန်ကြမ်းသည်လည်း မရှိမဖြစ်လိုအပ်လျက်ရှိသည်။ ပဲပုပ်အဓိကစိုက်ပျိုးသည့်ဒေသမှာ ရှမ်းပြည်နယ်ဖြစ်၍ တစ်နိုင်ငံလုံးစိုက်ဧက၏ ၅၀ ရာခိုင်နှုန်းစိုက်ပျိုးသည်။ ကျန်ရှိဧရိယာများကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးကြသည်။ ရှမ်းပြည်နယ်တွင် သီးသန့်သော်လည်းကောင်း၊ သီးညှပ်သီးနှံအဖြစ်လည်းကောင်း၊ အစေ့ထုတ်ပြောင်း၊ နေကြာသီးနှံတို့နှင့် သီးညှပ်စိုက်ပျိုးကြသည်။ အောက်မြန်မာနိုင်ငံတွင် မြစ်ရေကျချိန် ကိုင်းကျွန်းမြေများ၌ စိုက်ပျိုးကြသည်။ ပဲပုပ်သီးနှံသည် တစ်ရာသီခံပင်ဖြစ်ပြီး ပင်တည်းဝတ်မှုန်ကူးသော အပင်အမျိုးအစားလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ပဲပုပ်သီးနှံကိုတောင်ပေါ်ဒေသတွင် မေလနှင့် ဇွန်လ၊ မြေပြန့်ဒေသတွင် ဩဂုတ်လနှင့် စက်တင်ဘာလ၊ မြစ်ရေကျသည့် ကိုင်းကျွန်းမြေများတွင် အောက်တိုဘာလနှင့် စပါးအပြီး သီးထပ်စိုက်ပျိုးလျှင် နိုဝင်ဘာလအတွင်း စိုက်ပျိုးသည်။

ပဲပုပ်သီးနှံကို ယခုထက်ပိုမိုတိုးချဲ့စိုက်ပျိုးကြပြီး ပြည်တွင်းစားသုံးမှုဖူလုံ၍ ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်ကြမည်ဆိုလျှင်လည်း အဓိကအားဖြင့် ပဲပုပ်ဈေးကွက်ကြီးမားသော အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နှင့် အိန္ဒိယသို့တင်ပို့ရောင်းချရန် ချိတ်ဆက်၍ နိုင်ငံခြားငွေအများဆုံးရှာဖွေပေးနိုင်သော အလားအလာကောင်းရှိပဲသီးနှံတစ်ခုဖြစ်သည်။ ရာသီမီအချိန်ကိုက် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးကာ အရည်အသွေးကောင်းပဲပုပ်များတိုးချဲ့ထုတ်လုပ်၍ နိုင်ငံ့စီးပွားမြင့်မားစေရေး ဆောင်ရွက်သင့်ပါကြောင်းတိုက်တွန်းလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၁-၉-၂၀၂၆(သောကြာနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၆:၄၅ ဓမ္မပူဇာတေး
၃။ ၀၇:၁၀ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၀၉:၄၀ ကျန်းမာသုတ
၅။ ၁၀:၅၀ ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း
၆။ ၁၂:၁၅ လေးစားအတုယူ စံနမူနာသူရဲကောင်းများ
၇။ ၁၇:၁၅ မြန်မာသံစဉ် ချိုနားဝင်
၈။ ၁၇:၄၅ ဆွေမျိုးပေါက်ဖော်မှ ရသည့် ရသအစုံစုံ ဗဟုသုတအဖုံဖုံ
၉။ ၁၉:၀၀ **ရုပ်မြင်သံကြား ဇာတ်လမ်း ရိုးရှင်းသောဘဝ အပိုင်း(၈)**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၁၇၉ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၁၀**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်မှ ၁၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၁၇၉ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**မြဝတီ**

## တရားမဝင်တိုင်းရင်းဆေးများ၊ တားမြစ်ထားသောဆေးဝါးများ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေး



**ကြံခင်း စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ပေါ်ရပ်ကွက်များရှိ ဆေးဆိုင်များအား တရားမဝင်တိုင်းရင်းဆေးများနှင့် တားမြစ်ထားသောဆေးဝါးများ ရောင်းချခြင်း ရှိ၊ မရှိကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အစားသောက်နှင့် ဆေးဝါးကွပ်ကဲရေးကော်မတီအဖွဲ့များ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်သူဇာမြင့် ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းကာ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးဝါးများ သုံးစွဲနိုင်ရေးအတွက် အရည်အသွေး၊ စစ်မှန်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုတို့ကို စစ်ဆေးလျက်ရှိရာ အနောက်တိုင်းဆေးဝါး ရောနှောပါဝင်သည့် အောင်ပန်းဆရာတော် (အကြောဝိဇ္ဇာဆေး၊ ငွေနတ်သား၊ သစ္စာရှင်၊ မေတ္တာရှင်၊ ရွှေဟင်္သာ၊ အားဂူးလေး၊ ဒေါ်ခန့်အမှတ်တံဆိပ်ပါ သွေးဆေးနှင့် ဆေးမေတ္တာ အမျိုးအစားရှစ်မျိုးအား ရောင်းချခြင်း ရှိ၊ မရှိ၊ တရားမဝင်တိုင်းရင်းဆေးဝါးများနှင့် မှတ်ပုံတင်မထားသော တိုင်းရင်းဆေးဝါးများ ရောင်းချခြင်း ရှိ၊ မရှိကို ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် ဆေးဆိုင်ရှင်များအား အဆိုပါဆေးဝါးများအား ရောင်းချခြင်းမပြုရန် အသိပညာပေးခြင်းနှင့် လိုက်နာဆောင်ရွက်ခြင်း မရှိသောဆိုင်များအား တိုင်းရင်းဆေးဝါးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

## ခရမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သမန္တလင်းကျေးရွာ၌ စိုက်ပျိုးထားသော ခရမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ခရမ်းပင်များ အောင်မြင်ဖြစ်ထွန်းရေးအတွက် မြေအစိုဓာတ်မပြတ် ရေသွင်းရေထုတ်ပြုလုပ်နိုင်သည့် မြေပေါင်များပြုလုပ်၍ တစ်ပင်နှင့် တစ်ပင် ၅ ပေအကွာခန့် စိုက်ပျိုးကြကြောင်း၊ အပင်ငယ်ချိန်၌ မြေဆွခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ မြေဩဇာကျွေးခြင်း၊ အသီးကင်းစတင်ချိန်၌ အစိုဓာတ်မပြတ်ရေသွင်းခြင်း၊ အပင်အားတိုးဆေးနှင့် ပိုးနှင်ဆေးများဖျန်းပေးခြင်းဖြင့် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အသီးအပွင့်များ ပိုမိုသီးပွင့်ကြောင်း၊ ရောင်းချရာတွင် လေးရက်ခြားတစ်ကြိမ် ခူးဆွတ်ရောင်းရသည့်အတွက် ဝင်ငွေပိုမိုရရှိသဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## MWD Education, Knowledge & Sports Channel

၁၁-၉-၂၀၂၆(သောကြာနေ့)

၁။ ၀၇:၀၀ မှ ၀၈:၃၀
Grade-10
မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ
၂။ ၁၅:၃၀ မှ ၁၉:၀၁
Grade-10
သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ
၃။ ၁၉:၀၁ မှ ၂၀:၂၅
Grade-10
ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ

## မုံရွာစက်မှုဇုန်ရှိ ပါဝါဂျုံမှုန့်စက်ရုံတွင် တစ်ရက်လျှင် ဂျုံစေ့တန် ၅၀ ကြိတ်ခွဲ ဂျုံမှုန့် ၂ တင်းဝင်အိတ် ၃၀၀ ထုတ်လုပ်လျက်ရှိ



မုံရွာ စက်တင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာစက်မှုဇုန်ရှိ ပါဝါဂျုံမှုန့်စက်ရုံတွင် တစ်ရက်လျှင် ဂျုံစေ့တန် ၅၀ ကြိတ်ခွဲပြီး ဂျုံမှုန့် ၂ တင်းဝင်အိတ် ၃၀၀ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါစက်ရုံအတွင်း ဂျုံကြိတ်ခွဲထုတ်လုပ်နေမှု၊ ကုန်ကြမ်းသိုလှောင်ထားရှိမှုနှင့် ပါကင်ထုပ်ပိုးနေမှုတို့ကို ယနေ့နံနက်ပိုင်းတွင်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် တိုင်းဒေသကြီးအတွင်း လုပ်ကိုင်ဆောင်ရွက်နေသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်၊ လုပ်ငန်းရှင်များအနေဖြင့်လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ဆောင်ရွက်သွားရန်၊ ကုန်ကြမ်းများ ရရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဂျုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့်ကုန်ပစ္စည်းများတင်ပို့ရောင်းချရာတွင် လမ်းခရီးအဆင်ပြေမှုရှိစေရေး ဆောင်ရွက်ပေးသွားရန် ပြောကြားသည်။

ထို့မှတစ်ဆင့် မုံရွာစက်မှုဇုန်ရှိ "အေးငြိမ်းသီတာ"ဆေးဝါးထုတ်လုပ်ရေးစက်ရုံအတွင်း တိုင်းရင်းဆေးဝါးကုန်ကြမ်းများ သိုလှောင်ထားရှိမှု၊ ခေတ်မီစက်များဖြင့်ဆေးဝါးအမျိုးမျိုးထုတ်လုပ်နေမှုနှင့် ပါကင်ထုပ်ပိုးနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**




## တိုင်းဒေသကြီးအတွင်း စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဌာနများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဂုဏ်ပြုလွှာချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှရန်ကုန်တိုင်းဒေသကြီးအတွင်း စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်ဌာနများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးအတွင်း ရပ်ရွာအေးချမ်းသာယာရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူခင်းဖော်ထုတ်ဖမ်းဆီးရေး၊ ကယ်ဆယ်ရေး၊ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဌာနများမှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းဒေသကြီးအတွင်း စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဌာနများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်ရည်ရွယ် ပြည်သူများစိတ်ချမ်းမြေ့စွာအပန်းဖြေနိုင်ရေး လုပ်ငန်းရှင်များ ရှင်းလင်းတင်ပြ

ရန်ကုန် စက်တင်ဘာ ၁၀

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်းရှိမြေနေရာအချို့နှင့် အဆောက်အအုံအား နှစ်တို၊ နှစ်ရှည် ငှားရမ်းဆောင်ရွက်နိုင်ရန်အတွက် ပထမအဆင့်အနေဖြင့် စိတ်ဝင်စားသည့်ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအား စိတ်ဝင်စားမှု ဖော်ပြခြင်းလျှောက်လွှာ (Expression of Interest – EOI) ကို ၂၀၂၆ ခုနှစ်မေလ ၂၅ ရက်မှစ၍စတင်ဖိတ်ခေါ်ခဲ့သည်။

အဆိုပါ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ မြေနေရာအချို့နှင့် အဆောက်အအုံအား နှစ်တို၊ နှစ်ရှည် ငှားရမ်းဆောင်ရွက်နိုင်ရန်အတွက် စိတ်ဝင်စားသူများ ဖိတ်ခေါ်ရှင်းလင်းတင်ပြခြင်း (Expression of Interest – EOI) အစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်ရှိပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညိုက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)ကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့်ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်ယခုစိတ်ဝင်စားသူများ ဖိတ်ခေါ်ရှင်းလင်းတင်ပြခြင်းအပေါ် နိုင်ငံတော်နှင့်အများပြည်သူအတွက် အကျိုးရှိစေမည့် လုပ်ငန်းများကို ပွင့်လင်းစွာ ဆွေးနွေးတင်ပြစေလိုပါကြောင်း ပြောကြားသည်။



ဆက်လက်၍ တက်ရောက်လာကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများ၏ တာဝန်ရှိသူများက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)အတွင်း အများပြည်သူ စိတ်ဝင်စားမှုပိုမိုရရှိလာစေရန်နှင့် စိတ်ချမ်းမြေ့စွာ ပိုမိုလာရောက်အပန်းဖြေနိုင်ရန်အတွက် ၎င်းတို့ဆောင်ရွက်လိုသည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြခဲ့ကြပြီး ဒုတိယဝန်ကြီးက တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်။

## သောက်သုံးရေရရှိရေးလုပ်ငန်းများ သူငွေးကုန်းကျေးရွာ၌ ဆောင်ရွက်လျက်ရှိ

မြောင်းမြ စက်တင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် မြောင်းမြမြို့နယ် ကွက်နွယ်ချောင်းကျေးရွာအုပ်စု သူငွေးကုန်းကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာလ ၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူကိုကို၊ မြောင်းမြမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသောက်သုံးရေရရှိရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်အတူ သူငွေးကုန်းကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

သူငွေးကုန်းကျေးရွာ၌ ဂါလန်၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၃၄ ဒသမ ၃၈ သန်းဖြင့် မြောင်းမြမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခုနှစ်ဇွန်လက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မိုးမိုး**


## တီးတိန်မြို့အတွင်း အကြမ်းဖက်ဖြစ်စဉ်ကြောင့် ပျက်စီးသွားသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ဌာနဆိုင်ရာရုံးများ ပြုပြင်မွမ်းမံလျက်ရှိ

တီးတိန် စက်တင်ဘာ ၁၀

တီးတိန်မြို့အတွင်း အကြမ်းဖက်ဖြစ်စဉ်ကြောင့် ပျက်စီးသွားသည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း စာသင်ဆောင်နှင့် စားရိပ်သာ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လူငယ်သင်တန်းကျောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ မြို့နယ်သာသနာရေးမှူးရုံး လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ၊ ခုတင်-၁၀၀ ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံတိုးချဲ့ လူနာဆောင်အသစ်၊ သမဝါယမဦးစီးဌာန ဝန်ထမ်းအိမ်ရာနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံး ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမွမ်းမံဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်ဦးဆောင်သော ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဝင်းဇော်ဦးနှင့် ကော်မတီအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် မြို့မရပ်ကွက်၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်း၊ သဒ္ဓမ္မဇောတိက ဓမ္မဗိမာန်တော်၌ ဆရာတော် အရှင်ပုညာနန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ဒုတိယဝန်ကြီးက သာသနာတော်ဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တီးတိန်မြို့ အမှတ်(၁) အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများသို့သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ ငြိမ်းချမ်းစွာ ပညာသင်ကြားနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေး အားပေးစကားပြောကြားကာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး၊ အလုံးစုံပျက်စီးမှုအားလည်းကောင်း တီးတိန်မြို့ ခွာဒိုခန်းမ၌ ယာယီဖွင့်လှစ်ထားသည့် မြို့နယ်ဦးစီးမှူးရုံးတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးမှုအခြေအနေအားလည်းကောင်း ကြည့်ရှုစစ်ဆေး၍ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

◗ ရှေ့ဖုံးမှအဆက်

တိုင်းရင်းသားများအနေဖြင့် မိမိတို့၏အဆောက်အအုံ၊ ပစ္စည်းများအားစွန့်ခွာ၍ ဘေးလွတ်ရာသို့ ယာယီနေရပ်စွန့်ခွာခဲ့ရကာ အကြမ်းဖက်အဖွဲ့များအနေဖြင့် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှ စတင်ပြီး မြဝတီ-သဃ်န်းညီနောင်-ကော့ကရိတ် အာရှလမ်းမကြီးအား ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့သည်။

ထို့ပြင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင်အဓိကအချက်အချာကျသည့် ဘားအံ-ကျုံဒိုး-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးနှင့် ကော့ကရိတ်မြို့အား ထိန်းချုပ်ဖြတ်တောက်ရန်အတွက် ကျုံဒိုး-ကော့ကရိတ်လမ်းကြောင်းအားလည်းကောင်း၊ ကော့ကရိတ်-မြဝတီလမ်းကြောင်းအားလည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝင်ရောက်လာခြင်းမပြုလုပ်နိုင်ရေးအတွက် နှောင့်ယှက်ပိတ်ဆို့မှုများ ဆောင်ရွက်ခြင်း၊ ကျေးရွာများတွင် ပုန်းအောင်းနေထိုင်ပြီး အဖျက်အမှောင့်လုပ်ငန်းများအား နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့သည့်အပြင် လမ်းကြောင်း တစ်လျှောက် သွားလာလျက်ရှိသည့် မော်တော်ယာဉ်များအား အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ အဆိုပါလမ်းကြောင်းများပေါ်ရှိညီညာသာလင်းတံတား၊ (၅)တိုင်တံတား၊ ကော့နွဲ့တံတား အပါအဝင် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းတံတားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ အတားအဆီးများပြုလုပ်၍ လမ်းကြောင်းပိတ်ဆို့ခြင်းများ လုပ်ဆောင်ခဲ့သဖြင့် ကုန်စည်စီးဆင်းမှု ရပ်တန့်သွားခဲ့ပြီး အဆိုပါဒေသရှိ ဒေသခံတိုင်းရင်းသားပြည်သူများသည် ကုန်စျေးနှုန်းကြီးမြင့်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရကာ နေထိုင်စားသောက်ရေးတို့တွင်များစွာအခက်အခဲဖြစ်ပေါ်ခဲ့၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများနိမ့်ကျခဲ့ရသည့်အပြင် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကြီးထွားလာစေခဲ့ပြီး နယ်မြေဒေသတည်ငြိမ်မှုအပေါ် များစွာထိခိုက်စေခဲ့သည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ နှောင့်ယှက်ပိတ်ဆို့ထားသည့် လမ်းကြောင်းများအား ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲအသုံးပြုနိုင်ရေးအတွက် ၂၀၂၅ ခုနှစ်၊

စာမျက်နှာ ၁၆ သို့ ◗

အကြမ်းဖက်သောင်းကျန်းသူများက ကျုံဒိုး-ကော့ကရိတ်-သဃ်န်းညီနောင်လမ်းပေါ်ရှိ ညီညာသာလင်းတံတား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု



အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ညီညာသာလင်းတံတား ပြုပြင်ဆောင်ရွက်ပြီးစီးမှု





အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ကော့နွဲ့တံတား ပြုပြင်ဆောင်ရွက်နေမှု



အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ကော့နွဲ့တံတား ပြုပြင်ဆောင်ရွက်ပြီးစီးမှု



ကော့ကရိတ် – ကျုံဒိုးလမ်းကြောင်းနယ်မြေရှင်းလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် KNU၊ KNLA၊ DKBA နှင့် PDF အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်း၊ ကြီးကြပ်ကန့်သတ်ပစ္စည်းများနှင့် Drone များ မှတ်တမ်းဓာတ်ပုံ



ကော့ကရိတ်-ကျုံဒိုးလမ်းကြောင်းနယ်မြေရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်စဉ် သိမ်းဆည်းရမိခဲ့သည့် KNU၊ KNLA၊ DKBA နှင့် PDF အကြမ်းဖက်သမားများ၏ ဆက်သွယ်ရေးမြောင်းနှင့် ဘန်ကာများအား တွေ့မြင်ရစဉ်



KK Park နယ်မြေအတွင်းရှိ Online လိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု



မြဝတီမြို့နယ် KK Park နယ်မြေရှိ တရားမဝင် အဆောက်အအုံများအား အပိုင်း(၃)ပိုင်းခွဲ၍ ဖောက်ခွဲဖျက်ဆီးမှု




KK Park နယ်မြေအတွင်းရှိ Online လိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု



KK Park နယ်မြေအပိုင်း(၂)တွင် တရားမဝင်ဆောက်လုပ်ထားသည့် (၅) ထပ် လူနေအဆောက်အအုံ

| မဖြိုဖျက်မီ | ဖြိုဖျက်ပြီး |
|---|---|



KK Park နယ်မြေတွင် တရားမဝင်ဆောက်လုပ်ထားသည့် (၄) ထပ် လူနေအဆောက်အအုံဖျက်ဆီးမှု

| မဖြိုဖျက်မီ | ဖြိုဖျက်ပြီး |
|---|---|



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိမှု



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ
အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၁၇) ထပ်အဆောက်အအုံ

မဖြိုဖျက်မီ



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ
အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၁၇) ထပ်အဆောက်အအုံ

ဖြိုဖျက်ပြီးပုံ



တပ်မတော်စစ်ကြောင်းများက ကျောက်ခက်ဒေသရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ ကျုန်း (၇)ပင် စခန်းအား သိမ်းပိုက်ရရှိမှု



အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများ ဖမ်းဆီးရမိမှု



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ
အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၁၇) ထပ်အဆောက်အအုံ


ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေပုံ



ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အဆိုပါတရားမဝင်ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ၎င်းတို့ဝင်ရောက်လာခဲ့သည့် ထိုင်းနိုင်ငံမှတစ်ဆင့် စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်အဆောက်အအုံများအား အဆိုပါဒေသတွင် ပြန်လည်အခြေချလုပ်ကိုင်မှုမရှိစေရေးနှင့် ဒုစရိုက်လုပ်ငန်းများထပ်မံဆောင်ရွက်နိုင်မှုမရှိစေရေးအတွက် အပိုင်း(၃) ပိုင်းခွဲကာ စနစ်တကျဖောက်ခွဲဖျက်ဆီး၍လည်းကောင်း၊ ယာဉ်ယန္တရားများအသုံးပြု၍လည်းကောင်း ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ရာနှုန်းပြည့် ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

အလားတူ ကရင်ပြည်နယ်၊ မြဝတီမြို့၏ အရှေ့မြောက်ဘက် မီတာ ၁၅၀၀၀ ခန့်အကွာ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက အခကြေးငွေရယူပြီး ကာကွယ်ပေး

တပ်မတော်စစ်ကြောင်းများက ကျောက်ခက်ဒေသအတွင်း အွန်လိုင်းလောင်းကစားမှုများ အခြေချလုပ်ကိုင်ခြင်းမရှိစေရေး နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်မှု



တပ်မတော်စစ်ကြောင်းများက ကျောက်ခက်ဒေသရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ ကျုန်း(၇)ပင် စခန်းအား သိမ်းပိုက်ရရှိမှု



➧ စာမျက်နှာ ၁၅ မှ

ဧပြီလ ၁၃ ရက်မှစ၍ ကျုံဒိုး-ကော့ကရိတ်ကြားတွင် အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်နေသည့် အကြမ်းဖက်သောင်းကျန်းသူများကို ရဲရဲဝံ့ဝံ့ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ ၃ လကျော်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့်တိုက်ပွဲကြီး/ငယ် ၉၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူထံမှအလောင်း ၁၇ လောင်း၊ လက်နက်မျိုးစုံ ၃၀ လက်နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းပိုက်ရရှိခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်တွင် ကျုံဒိုး-ကော့ကရိတ် လမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ခဲ့သည်။

အလားတူ တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် သဃ်န်းညီနောင်မြို့နှင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာအဆောက်အအုံများအား အကြမ်းဖက်သောင်းကျန်းသူများ၏ လက်သို့ကျရောက်မှုမရှိစေရေးအတွက် မိမိအသက်ကို ပဓာနမထားဘဲ မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ရှုပ်ရှုပ်ချုံချုံခုခံတိုက်ခိုက်ခဲ့သည့်အတွက် အကြမ်းဖက်သောင်းကျန်းသူများသည် အထိအခိုက်အကျအဆုံးများပြီး ဖရိုဖရဲဖြင့် ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် မြဝတီ-သဃ်န်းညီနောင်-ကော့ကရိတ် အာရှလမ်းမကြီးအား ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် မြဝတီ-သဃ်န်းညီနောင်-ကော့ကရိတ် အာရှလမ်းမကြီးအား အပြည့်အဝ ပြန်လည်ထိန်းချုပ်ပြီးနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်ခဲ့ရာ မြဝတီမြို့၏အရှေ့တောင်ဘက် မီတာ ၄၈၀၀ ခန့်အကွာရှိ KK Park နယ်မြေအတွင်း အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက အခကြေးငွေရယူပြီး ကာကွယ်ပေးထားသော တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်နေသည့် အဆောက်အအုံ ၆၃၅ လုံးနှင့်အတူ တရားမဝင်ပြည်ပနိုင်ငံသား အမျိုးသား ၁၀၈၈ ဦး၊ အမျိုးသမီး ၁၉၄ ဦး၊ စုစုပေါင်း ၁၂၈၂ ဦးအား အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ထားသော တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သည့် အဆောက်အအုံ ၇၇ လုံးနှင့်အတူ တရားမဝင်ပြည်ပနိုင်ငံသား အမျိုးသား ၁၈၁၁ ဦး၊ အမျိုးသမီး ၂၆၄ ဦး၊ စုစုပေါင်း ၂၀၇၅ ဦးအား ဖမ်းဆီးရမိခဲ့သဖြင့် အဆိုပါဖမ်းဆီးရမိခဲ့သူများအား သက်ဆိုင်ရာနိုင်ငံများသို့ ထိုင်းနိုင်ငံမှတစ်ဆင့်စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး အဆောက်အအုံများကို စနစ်တကျဖောက်ခွဲ

ဖျက်ဆီး၍လည်းကောင်း၊ ယာဉ်ယန္တရားများအသုံးပြု၍လည်းကောင်း ဖြိုချဖျက်ဆီးခြင်းများဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် ရာနှုန်းပြည့်ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

တပ်မတော်စစ်ကြောင်းများက ကျောက်ခက်ဒေသရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ ကျွန်း(၇)ပင် စခန်းအား သိမ်းပိုက်ရရှိမှု



တပ်မတော်စစ်ကြောင်းများက ကျောက်ဂူ-ကျွန်း(၇)ပင်လမ်းရှိ တံတားအား သိမ်းပိုက်ရရှိမှု



ဆက်လက်၍ တပ်မတော်စစ်ကြောင်းများနှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါဒေသများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအခြေချနေထိုင်လုပ်ကိုင်မှုမရှိစေရေးအတွက် နယ်မြေလုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံတာဝန်သိပြည်သူများ ပါဝင်သောပူးပေါင်းအဖွဲ့များဖြင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းများဆောင်ရွက်စဉ် ကျောက်ခက်ဒေသအတွင်း၌လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အခြေချလုပ်ကိုင်နေကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကို ကာကွယ်ပေးထားသော အကြမ်းဖက်သောင်းကျန်းသူများ၏ စခန်း(၁)ခုဖြစ်သည့် ကျွန်း(၇)ပင်စခန်းအား ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင်လည်းကောင်း၊ အဆိုပါစခန်း၏ အရှေ့တောင်ဘက်မီတာ ၅၀၀၀ ခန့်အကွာရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းလုပ်ကိုင်သည့်နေရာအား ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင်လည်းကောင်း၊ အဆိုပါစခန်း၏ အရှေ့တောင်ဘက်မီတာ ၆၅၀၀ ခန့်အကွာရှိအွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းလုပ်ကိုင်သည့်နေရာအား ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင်လည်းကောင်း အသီးသီးသိမ်းပိုက်ရရှိခဲ့သည်။

တပ်မတော်စစ်ကြောင်းများက ကျောက်ခက်ဒေသအတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ



တပ်မတော်စစ်ကြောင်းများက ကျောက်ခက်ဒေသအတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ



ထိုသို့သိမ်းပိုက်ရရှိရေးကြိုးပမ်းဆောင်ရွက်ခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်း လုပ်ကိုင်နေသူများကို မြေနေရာပေး၍ အခကြေးငွေရယူကာ ကာကွယ်ပေးထားသည့်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များနှင့် တိုက်ပွဲကြီး/ငယ်(၄၆)ကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက် သောင်းကျန်းသူများထံမှ အလောင်း(၂၁)လောင်း၊ လက်နက်မျိုးစုံ (၁၈)လက်၊ ကျည်အိမ်မျိုးစုံ (၂၇)ခု၊ ကျည်မျိုးစုံ (၁၃၃၃)တောင့်၊ လက်လုပ် Drop ဗုံး(၁၄)လုံး၊ မိုင်းမျိုးစုံ (၂၁၉)လုံး၊ ကျည်ကာအင်္ကျီ (၉)စုံ၊ ကျည်ကာဦးထုပ်(၁၅)လုံး၊ ညကြည့်မှန်ပြောင်း(၁)ခု၊ ကင်းထောက် Drone (၁)စီး၊

စာမျက်နှာ ၁၈ သို့

တပ်မတော်စစ်ကြောင်းများက ကျောက်ခက်ဒေသအတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ



တပ်မတော်စစ်ကြောင်းများက ကျောက်ခက်ဒေသအတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ



တပ်မတော်စစ်ကြောင်းများက ကျောက်ခက်ဒေသအတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူများထံမှ ပစ်ကျင်း၊ ဘန်ကာများသိမ်းဆည်းရမိမှု




တပ်မတော်စစ်ကြောင်းများက ကျောက်ခက်ဒေသအတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူများထံမှ ပစ်ကျင်း၊ ဘန်ကာများသိမ်းဆည်းရမိမှု



တပ်မတော်စစ်ကြောင်းများက ကျောက်ခက်ဒေသအတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူများထံမှ ပစ်ကျင်း၊ ဘန်ကာများသိမ်းဆည်းရမိမှု



တပ်မတော်စစ်ကြောင်းများက ကျောက်ခက်ဒေသအတွင်း အွန်လိုင်းလောင်းကစားမှုများ အခြေချလုပ်ကိုင်ခြင်းမရှိစေရေး နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်မှု



➧ စာမျက်နှာ ၁၇ မှ

လမ်းလျှောက်စကားပြောစက် (၇)လုံး၊ ပစ်ကျင်း(၄၄၁)ကျင်း၊ ဘန်ကာ (၅၃)လုံး၊ လူနေတဲ(၂၈) လုံး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့် အဆောက်အအုံ (၁၅)လုံး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်သူ တရားမဝင်ပြည်ပနိုင်ငံသားများနှင့် ဆက်စပ်သူများ အပါအဝင်(၇၇၇)ဦးတို့အား လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် Star Link (၂)လုံး၊ တယ်လီဖုန်းမျိုးစုံ (၄၅၂)လုံးနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းမျိုးစုံ (၁၇၅)စုံတို့အား သိမ်းဆည်းရရှိသည်။

အဆိုပါ ကျောက်ခက်ဒေသရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သူများအနက် တရားမဝင် ပြည်ပနိုင်ငံသား ၂၁၀ ဦးအား ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နှင့် ဇူလိုင်လ ၁၈ ရက်တို့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေများရယူကာ မော်တော်ယာဉ်များဖြင့်တင်ဆောင်ပြီး ကျောက်ခက်-ဝေါလေ လမ်းကြောင်းအတိုင်းဝေါလေ၏အနောက်တောင်ဘက်မီတာ ၂၆၀၀ ခန့်အကွာ မြန်မာ-ထိုင်းနယ်စပ်သို့ ပို့ဆောင်ပေးခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်အား ဖြတ်သန်း၍ ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ သိရှိရသည်။

ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် လေးကေ့ကော်မှ ကျောက်ခက်ဒေသသို့ သွားသည့် လမ်းကြောင်းပေါ်ရှိ သံပေါင်ဘေလီအမျိုးအစားဖြစ်သည့် အရှည်(၈၀)ပေ၊ အကျယ်(၁၃)ပေရှိကျွန်း(၇)ပင်တံတားအားလည်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီး ထားရှိသဖြင့် နယ်မြေခံစစ်မြေပြင်အင်ဂျင်နီယာတပ်မှတပ်မတော်သားများက ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်တွင် တံတားပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးခဲ့ကြောင်း သိရှိရသည်။

၎င်းအပြင်အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျုံဒိုး - ကော့ကရိတ် - သဃ်န်းညီနောင်-မြဝတီလမ်းကြောင်းပေါ်ရှိ ညီညာသာလင်းတံတား၊ (၅)တိုင်တံတားနှင့် ကော့နွဲ့တံတားအပါအဝင် လမ်း/တံတားများအား နယ်မြေခံစစ်မြေပြင်အင်ဂျင်နီယာတပ်မှ တပ်မတော်သားများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ပြန်လည်ပြုပြင်တည်ဆောက်ပေးခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ လမ်းကြောင်းတစ်လျှောက် ပိတ်ဆို့ထားသည့် အတားအဆီးများကိုလည်း ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို ကျူးလွန်ကြသူများအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို ကျူးလွန်ခဲ့ကြသူများသည် Social Media မှတစ်ဆင့် နည်းမျိုးစုံဖြင့် မက်လုံးပေး စည်းရုံးမှုကြောင့် နိုင်ငံစုံမှအလုပ်လာရောက်လုပ်ကိုင်ရင်း အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့ရသည့် လူကုန်ကူးခံရသူများနှင့် ရာဇဝတ်မှုများကျူးလွန်ထွက်ပြေးတိမ်းရှောင်နေကြသူများ ဖြစ်ကြောင်းသိရှိရသည်၊ ၎င်းတို့အနေဖြင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင်လုပ်ကိုင်ခဲ့ကြပြီး အိမ်နီးချင်းနိုင်ငံအချို့ ပဋိပက္ခဖြစ်မှု နောက်ပိုင်းမှ မြန်မာနိုင်ငံ အရှေ့တောင်ဒေသ KNU ၊ KNLA၊ DKBA ၊ PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များ

စာမျက်နှာ ၁၉ သို့ ➧

ကျောက်ခက်ဒေသအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများ တွေ့ရှိမှု



ကျောက်ခက်ဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားမှုကျူးလွန်သူ ပြည်ပနိုင်ငံသားများ ဖမ်းဆီးရရှိမှု




ကျောက်ခက်ဒေသအတွင်းရှိ တရားမဝင်အဆောက်အအုံများအား ဝင်ရောက်ရှင်းလင်းမှု




ကျောက်ခက်ဒေသအတွင်းရှိ တရားမဝင်အဆောက်အအုံများအား ဝင်ရောက်ရှင်းလင်းမှု




ကျောက်ခက်ဒေသရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများ ဖြိုချဖျက်ဆီးမှု




ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ကျောက်ခက်ဒေသအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေရယူ၍ မြန်မာ-ထိုင်းနယ်စပ်သို့ ပို့ဆောင်ပေးခဲ့မှု




အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ကျွန်း(၇)ပင်တံတားအား ပြုပြင်ဆောင်ရွက်နေမှု



အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ရင်ကွဲတောင်အနီးရှိ အာရှလမ်းမကြီးအား ပြုပြင်ဆောင်ရွက်ပြီးစီးမှု



# အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း တောင်ကိုရီးယားအသင်းနှင့် စတင်ယှဉ်ပြိုင်ရမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

ဂျပန်နိုင်ငံ၌ကျင်းပမည့် (၂၀)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ (20th Asian Games 2026) အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် တောင်ကိုရီးယားအသင်းနှင့် စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲအတွက် နည်းပြချုပ်ကောလင်းဘဲလ်သည် သူကိုယ်တိုင်ရွေးချယ်ထားသည့် အပြီးသတ်ကစားသမား ၂၃ ဦးစာရင်းကို စက်တင်ဘာလ ၉ ရက်က ထုတ်ပြန်ခဲ့သည်။ ရန်ကုန်ယူနိုက်တက် ကွင်းလယ်တောင်ပံကစားသမား ယွန်းဝတီလှိုင်၊ သစ္စာအားမာန်ကွင်းလယ်ကစားသမား ခင်မိုမိုထွန်းနှင့် ရှေ့ဝတီအက်ဖ်စီ နောက်ခံကစားသမား နန်းဖြူဖွေးတို့သည် ဒဏ်ရာပြဿနာများကြောင့်ပဏာမလူစာရင်း ရွေးချယ်စဉ်ကတည်းက ပါဝင်နိုင်ခဲ့ခြင်းမရှိဘဲ ရှေ့ဝတီအက်ဖ်စီတိုက်စစ်မှူး စန်းသော်သော်သည် အာရှအမျိုးသမီးချန်ပီယံလိဂ် ခြေစစ်ပွဲစဉ်များအပြီး လက်ရွေးစင်အသင်းနှင့် ပြန်လည်ပူးပေါင်းလေ့ကျင့်ခဲ့ပြီး ကာလအတန်ကြာရရှိနေသည့် ဒဏ်ရာမှာ မသက်သာသောကြောင့် ဆေးကုသမှုခံယူရန် ပြန်လည်စေလွှတ်ခဲ့ရသည်။

မြန်မာအသင်းသည် အုပ်စု(B)တွင် တောင်ကိုရီးယားအသင်း၊ မြောက်ကိုရီးယားအသင်း၊ ဘင်္ဂလားဒေ့ရှ်တို့နှင့်အတူ ကျရောက်နေပြီး အုပ်စုပွဲစဉ်အားလုံးကို Osaka မြို့ရှိ Nagai Stadium ၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် စက်တင်ဘာလ ၁၄ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် တောင်ကိုရီးယားအသင်း၊ စက်တင်ဘာလ ၁၇ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် မြောက်ကိုရီးယားအသင်း၊ စက်တင်ဘာလ ၂၀ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြိုင်ပွဲကျင်းပရာ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်သည်။

**ဝန်းရံခ**

➧ စာမျက်နှာ ၁၈ မှ

အခြေချနေထိုင်လျက်ရှိသည့် မြဝတီဒေသသို့ တစ်ဖက်နိုင်ငံမှတစ်ဆင့် နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်၊ အဆိုပါအဖွဲ့များ ဝင်ရောက်လုပ်ကိုင်မှုအပေါ် KNU၊ KNLA၊ DKBA၊ PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့များအနေဖြင့် နိုင်ငံနှင့်ဒေသအပေါ်ကြီးမားစွာ ထိခိုက်နစ်နာမှုများကိုလျစ်လျူရှု၍ မြေနေရာပေးခြင်း၊ အကာအကွယ်ပေးခြင်းတို့ ပြုလုပ်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝင်ရောက်မလာစေရေး ဆက်သွယ်ရေးလမ်းကြောင်းများကို သိမ်းပိုက်ထိန်းချုပ်ရန် ကြိုးပမ်းခဲ့ကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကိုပျက်စီးစေပြီး လူ့ကျင့်ဝတ်သိက္ခာများထိခိုက်စေ၍ အများပြည်သူအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကိုပါ အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်းလုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနှိမ်နင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေမှုများအား သိရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်းနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အဆိုပါနယ်မြေနှင့် ပတ်ဝန်းကျင်ဒေသများတွင် လိုအပ်သည့်နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နိုင်ငံတကာဖိတ်ခေါ်ဖလားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ Black Steel FC Papua အသင်းနှင့် MIUအသင်းတို့တက်လှမ်း

**ရန်ကုန် စက်တင်ဘာ ၁၀**

Fire Dragon Energy Drink မှ အဓိကပံ့ပိုးကူညီပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီတို့ ပူးပေါင်းကျင်းပသည့် Fire Dragon International Futsal Cup 2026 နိုင်ငံတကာဖိတ်ခေါ်ဖလား ဖူဆယ်ပြိုင်ပွဲတွင် Black Steel FC Papua အသင်းနှင့် MIU အသင်းတို့ ဗိုလ်လုပွဲသို့ တက်လှမ်းသွားကြပြီဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ MFF Futsal Stadium ၌ ကျင်းပသည့် Black Steel FC Papua အသင်းနှင့် YRG အသင်းတို့ပွဲတွင် Black Steel FC Papua အသင်းက ပွဲကစားချိန် ၁၇ မိနစ်တွင် SEMUEL၊ ပွဲကစားချိန် ၂၁ မိနစ်တွင် ADITYAS၊ ပွဲကစားချိန် ၂၄ မိနစ်နှင့် ၂၈ မိနစ်တို့တွင် RONAL တို့ရဲ့ သွင်းဂိုးလေးဂိုး သွင်းယူနိုင်ခဲ့ပြီး ပွဲကစားချိန် မိနစ် ၃၀ တွင် YRG အသင်းအတွက် နိုင်မင်းလတ်က ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့၍ Black Steel FC Papua အသင်းက ၄ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ထို့အတူနေ့လယ်ပိုင်းတွင်ကျင်းပသည့် MIU အသင်းနှင့် YCDC DREAM TEAM အသင်းတို့ပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး ပွဲကစားချိန် ၅ မိနစ်တွင် သက်ထွန်း၊ ပွဲကစားချိန် မိနစ် ၃၀ တွင် ထွန်းအောင်ကျော်တို့က MIU အသင်းအတွက် သွင်းဂိုးနှစ်ဂိုးရယူပေးခဲ့ကြပြီး ပွဲကစားချိန် ၇ မိနစ်တွင် ငြိမ်းမင်းစိုးနှင့် ပွဲကစားချိန် ၃၉ မိနစ်တွင် ဟိန်းထက်အောင်တို့က YCDC DREAM TEAM အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့၍ ပယ်နယ်တီဖြင့်ဆုံးဖြတ်ကာ ၆ ဂိုး ၃ ဂိုးဖြင့် MIU အသင်းကအနိုင်ရရှိသွားသည်။

ယင်းပြိုင်ပွဲတွင် ပြည်ပနိုင်ငံကလပ်သုံးသင်းဖြစ်သည့် ကမ္ဘောဒီးယားကလပ် Lucky အသင်း၊ အင်ဒိုနီးရှားကလပ် Black Steel FC Papua အသင်းနှင့် ထိုင်းကလပ် Black Pearl United အသင်းတို့ ပါဝင်ကြပြီး ပြည်တွင်းကလပ်အသင်းများတွင် YRG အသင်း၊ YCDC Dream TEAM အသင်း၊ MIU အသင်း၊ M2K အသင်းနှင့် TG United အသင်း တို့ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ယနေ့ဆီမီးဖိုင်နယ်ပွဲတွင် နိုင်ပွဲရရှိကြသည့် Black Steel FC Papua အသင်းနှင့် MIU အသင်းတို့သည် ဗိုလ်လုပွဲသို့တက်လှမ်းသွားကြပြီဖြစ်ပြီး ရှုံးနိမ့်ခဲ့သည့်အသင်းနှစ်သင်းသည် တတိယနေရာလုပွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ဝန်းရံခ**

▲ ကျောဖုံးမှအဆက်

တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲ အတိုက်ပွဲစဉ်များအဖြစ် အမျိုးသား (-၄၂၊ -၅၀၊ -၅၅၊- ၆၀) ကီလိုတန်း ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသမီး (-၄၂၊ -၅၂၊ -၆၃) ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ခဲ့သည်။

အမျိုးသား (-၄၂၊ -၅၀၊ -၅၅၊ -၆၀) ကီလိုတန်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် (-၄၂) ကီလိုတန်း ပြိုင်ပွဲ ပွဲစဉ်တွင် မင်းခန့်ကျော်(ကရင်)နှင့် ဝေယံလင်း(ရန်ကုန်)တို့ ယှဉ်ပြိုင်ခဲ့ရာ ဝေယံလင်း (ရန်ကုန်)က မင်းခန့်ကျော်(ကရင်)ကိုလည်းကောင်း၊ (-၅၀) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် ခိုင်ခန့်(ရန်ကုန်)နှင့် စောလင်းလက်ကြယ်စင်(ကရင်)တို့ ယှဉ်ပြိုင်ခဲ့ရာ ခိုင်ခန့်(ရန်ကုန်)က စောလင်းလက်ကြယ်စင် (ကရင်)ကိုလည်းကောင်း၊ (-၅၅) ကီလိုတန်းပြိုင်ပွဲပွဲစဉ်တွင်ဖြိုးမာန်နိုင်(ကယား) နှင့် ဇော်မျိုးထက် (မန္တလေး)တို့ ယှဉ်ပြိုင်ခဲ့ရာ ဖြိုးမာန်နိုင်(ကယား) က ဇော်မျိုးထက် (မန္တလေး)ကိုလည်းကောင်း၊ (-၆၀) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် နိုင်ဟိန်းထက်(မန္တလေး)နှင့် ဝေလင်းထွေး(ရှေ့ဝတီ)တို့ ယှဉ်ပြိုင်ခဲ့ရာ ဝေလင်းထွေး(ရှေ့ဝတီ)က နိုင်ဟိန်းထက်(မန္တလေး)ကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး (-၄၂၊ -၅၂၊ -၅၇၊ ၆၃) ကီလိုတန်းပြိုင်ပွဲဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် (-၄၂) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် ကြည်လဲ့လဲ့ထွန်း(ရှမ်း)နှင့် အိချစ်ဆုစံ(ရန်ကုန်)တို့ ယှဉ်ပြိုင်ခဲ့ရာ အိချစ်ဆုစံ(ရန်ကုန်)က ကြည်လဲ့လဲ့ထွန်း(ရှမ်း)ကိုလည်းကောင်း၊ (-၅၂) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် သဇင်ဖြိုး(ကချင်)နှင့် နှင်းဝတ်မှုံလွင်(ရှေ့ဝတီ)တို့ ယှဉ်ပြိုင်ခဲ့ရာ နှင်းဝတ်မှုံလွင်(ရှေ့ဝတီ)က သဇင်ဖြိုး (ကချင်)ကိုလည်းကောင်း၊ (-၅၇) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် နန်းမိုးပွင့်ဖြူ(ကရင်)နှင့် ဘမ်းတောင်(ကချင်)တို့ ယှဉ်ပြိုင်ခဲ့ရာ ဘမ်းတောင်(ကချင်)က နန်းမိုးပွင့်ဖြူ(ကရင်)ကိုလည်းကောင်း၊ (-၆၃) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် သီတာအောင်(ပဲခူး)နှင့် စန္ဒာဝင်း(ချင်း)တို့ ယှဉ်ပြိုင်ခဲ့ရာ စန္ဒာဝင်း(ချင်း)က သီတာအောင်(ပဲခူး)ကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ အမျိုးသမီး(-၅၇)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဘမ်းတောင်(ကချင်)၊ ဒုတိယဆုရရှိသည့် နန်းမိုးပွင့်ဖြူ (ကရင်)၊ တတိယဆုရရှိသည့် ခင်ထွေးထွေးအောင်(မန္တလေး)နှင့် ပူးတွဲတတိယဆုရရှိသည့် ငွေအိမ်စံ (ရှမ်း)တို့ကို မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ထွေးဦးက လည်းကောင်း၊ အမျိုးသမီး (-၆၃)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် စန္ဒာဝင်း(ချင်း)၊ ဒုတိယဆုရရှိသည့် သီတာအောင်(ပဲခူး)၊ တတိယဆုရရှိသည့် ခိုင်ဇင်ထက်(မန္တလေး)နှင့် ပူးတွဲတတိယဆုရရှိသည့် နန်းနုနုခေါင်(ရှမ်း)တို့ကို မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဦးခိုင်ကလည်းကောင်း၊ အမျိုးသား(-၅၅)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဖြိုးမာန်နိုင်(ကယား)၊ ဒုတိယဆုရရှိသည့် ဇော်ဖြိုးထက် (မန္တလေး)၊ တတိယဆုရရှိသည့် မင်းဇော်ဟိန်း(ရခိုင်)နှင့် ပူးတွဲတတိယဆုရရှိသည့် ခွန်နေလင်းအောင်(ရှမ်း)တို့ကို မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း၏ဇနီး ဒေါ်ဝေဝေကလည်းကောင်း၊ အမျိုးသား(-၆၀) ကီလိုတန်းပြိုင်ပွဲတွင်ပထမဆုရရှိသည့်ဝေလင်းထွေး(ရှေ့ဝတီ)၊ ဒုတိယဆုရရှိသည့် နိုင်ဟိန်းထက်(မန္တလေး)၊ တတိယဆုရရှိသည့် တင်မိုး(နေပြည်တော်)နှင့် ပူးတွဲတတိယဆုရရှိသည့် ဟိန်းဆက်(ကယား)တို့ကို မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းကလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

စက်တင်ဘာလ ၁၁ ရက် နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲ Mix Team အသင်းလိုက် အတိုက်ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (+၆၃၊ -၆၀၊ -၇၃) ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်းနှင့် အဆိုပါ ဗိုလ်လုပွဲ ပွဲစဉ်များနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုပ်သံလိုင်းများဖြစ်သည့် MRTV HD, MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# MNL U 20 လူငယ်လိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ နိုင်ပွဲရ

**ရန်ကုန် စက်တင်ဘာ ၁၀**

2026 MNL U-20 လူငယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင်ကျင်းပရာ ဒုတိယအကျော့ပွဲစဉ်(၁၄)တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ နိုင်ပွဲရရှိခဲ့ကြသည်။

ပထမပိုင်းပွဲစသည်နှင့် နှစ်ဖက်အသင်းကစားသမားများ တိုးအားရှန်းအား ကောင်းကောင်းဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပွဲကစားချိန် ၂၁ မိနစ်တွင် ကျော်ညီညီက ရန်ကုန်ယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးသွင်းယူသွားသည်။ ဒဂုံစတားအသင်း အဖွင့်ဂိုးခွင့်ပြုပေးလိုက်ရပြီး နောက်ပိုင်းချေပဂိုးရရှိရေးအတွက် တိုက်စစ်မြှင့်ကစားခဲ့ရာ ဂိုးသွင်းခွင့်အခွင့်အရေးများရရှိသော်လည်း အဆုံးသတ်မသေချာမှုများကြောင့် ဂိုးမရရှိဘဲ ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းပြန်စသည်နှင့် ဒဂုံစတားအသင်း လူစားလဲမှုများဖြင့် တိုက်စစ်မြှင့်ကစားလာသည်၊ နှစ်ဖက်ကစားသမားများ ကစားပုံကြမ်းတမ်းခဲ့၍ ဒိုင်လူကြီးမှခေါ်ယူသတိပေးမှုများ၊ အဝါကတ်ပြသမှုများအပြင် ရန်ကုန်ယူနိုက်တက်အသင်းမှ ကစားသမားတစ်ဦး အနီကတ်ပြသခံရပြီး ထုတ်ပယ်ခံရသည်အထိ ပြိုင်ပွဲကပြင်းထန်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် တစ်ယောက်လျော့ဖြင့် အကောင်းဆုံးခံစစ်ကိုပြင်ဆင်ပြီး တစ်ချက်တစ်ချက်မှသာ တန်ပြန်တိုက်စစ်ဖြင့် ပြိုင်ဘက်ကိုဖိအားပေးကစားခဲ့သည်၊ ဒဂုံစတားယူနိုက်တက်အသင်းသည် တစ်ယောက်အသာဖြင့် ပြိုင်ဘက်ကိုဖိအားပေးကစားပြီး သေချာသည့်ဂိုးများ သုံးကြိမ်ထက်မနည်း ရရှိနိုင်ခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိ၍ ပထမပိုင်းကခွင့်ပြုပေးလိုက်ရသည့် တစ်ဂိုးဖြင့်ပင် ရန်ကုန်ယူနိုက်တက်အသင်းကိုရှုံးနိမ့်ခဲ့ရသည်။

**ဝန်းရံခ**

## ရွှေလီ(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ အမှတ်(၆) ဓာတ်အားပေးစက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်စဉ် မူဆယ်နှင့်နမ့်ခမ်းမြို့တို့တွင် ယာယီဓာတ်အားပြတ်တောက်မည်

**နေပြည်တော် စက်တင်ဘာ ၁၀**

ရွှေလီ(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့အနောက်ဘက် ၁၇ မိုင်ခန့်အကွာ ရွှေလီမြစ်ပေါ်တွင် တည်ဆောက်ထားရှိပြီး မိုးရာသီကာလ နိုင်ငံပိုင်ရေအားစက်ရုံများ ရေဝင်ကောင်းမွန်သည့်ကာလတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အဓိကဆောင်ရွက်လျက်ရှိရာ စက်ရုံရှိ အမှတ်(၆) ဓာတ်အားပေးစက်၏ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို စက်တင်ဘာလ ၁၁ ရက်မှ ၁၇ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းများ ချွတ်ယွင်းမှုနည်းပါးပြီး ကြံ့ခိုင်ကောင်းမွန်လာစေခြင်း၊ ရေရှည်အသုံးပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကိုရရှိလာမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ၆၆ ကေဗွီဓာတ်အားလိုင်းဖြင့် ဓာတ်အားပေးထားသော မူဆယ်မြို့နှင့်နမ့်ခမ်းမြို့တို့ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်သည်။

အလားတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း ဓာတ်အားလိုင်းများ တစ်လျှောက် မလွတ်ကင်းသောသစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားလိုင်းများနှင့် သစ်ပင်သစ်ကိုင်းများထိ၍ ဗို့အားကျဆင်းခြင်းမှ ကင်းဝေးစေရေးအတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် ၃၃ ကေဗွီ ရေဆင်းဓာတ်အားလိုင်းကို စက်တင်ဘာလ ၁၂ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိလည်းကောင်း၊ ၃၃ ကေဗွီ ဇေယျာသီရိဓာတ်အားလိုင်းကို စက်တင်ဘာလ ၁၃ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိလည်းကောင်း ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါဓာတ်အားလိုင်းအနီးရှိရုံးဌာနများ၊ ရပ်ကွက်များနှင့် ကျေးရွာများတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပါသဖြင့် ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

မြဝတီ

## တရားမဝင်ဓာတ်အားသုံးစွဲမှုကို ဖော်ထုတ်နိုင်ခဲ့သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းခြောက်ဦးအား ချီးကျူးဂုဏ်ပြု




**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် မြောင်းတကာမြို့စက်မှုဇုန်ရှိ Sky Man သံရည်ကျိုလုပ်ငန်းတွင် တရားမဝင် ဓာတ်အားရယူသုံးစွဲခဲ့မှုကို မြေပြင်ကွင်းဆင်းစစ်ဆေးဖော်ထုတ်နိုင်ခဲ့သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းခြောက်ဦးအား ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၌ ကျင်းပသည်။

အဆိုပါပေးအပ်ပွဲတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နစ်နာခဲ့သည့် ဓာတ်အားခလျော်ကြေးများပြန်လည်ရရှိရေးနှင့် Losses ကျဆင်းရေးကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းခြောက်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

**နိုင်ငံတစ်ဝန်းစိမ်းလန်းစိုဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

## နမ့်တွန်ကြိုးဝိုင်းတောဖွဲ့စည်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဃ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၂၅၂၀၀) ဧကရှိသောနယ်မြေကို **“နမ့်တွန်ကြိုးဝိုင်းတော”** အဖြစ် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၄)ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်) မှစ၍ ဖွဲ့စည်းလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒေသမျိုးရင်းသစ်မျိုးများနှင့် တိရစ္ဆာန်များ၏ မူရင်းဒေသတိုးပွားလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရန်၊ ရေမြေထိန်းသိမ်းရန်၊ ရာသီဥတုကောင်းမွန်မျှတလာစေရန်နှင့် ဒေသခံပြည်သူများ၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များကို ထောက်ပံ့ပေးနိုင်ရန်ရည်ရွယ်၍ ကြိုးဝိုင်းတောကို ဖွဲ့စည်းခြင်းဖြစ်သည်။

နမ့်တွန်ကြိုးဝိုင်းတောဖွဲ့စည်းခြင်းအားဖြင့် ပေါက်ရောက်လျက်ရှိသော ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ထောက်ကြံ့ စသည့်အဖိုးတန်သစ်မျိုးများနှင့် လက်ပံ၊ ဖန်ခါး၊ သစ်စေး၊ ဆီးဖြူ၊ ဘုံမဲဇ သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများအတွက် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထာဝစဉ်ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ခြင်း၊ တောကြောင်၊ ချေ၊ တောင်ဆိတ်၊ ယုန်၊ ဆတ်၊ မျောက် စသည့်တိရစ္ဆာန်များ၏နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတုကောင်းမွန်မျှတလာနိုင်ခြင်းနှင့် သဘာဝရေထွက်စိမ့်စမ်းများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## လေးမျက်နှာမြို့နယ်အတွင်း ရေဘေးဖြစ်ပွားခဲ့သည့်ဒေသများရှိပြည်သူများအား ဆန်ရိက္ခာ၊ ဆီ၊ ပဲနှင့်ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်



**ပုသိမ် စက်တင်ဘာ ၁၀**

ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်း ရေဘေးဖြစ်ပွားခဲ့သည့်ဒေသများရှိ ပြည်သူများအား ဆန်ရိက္ခာ၊ ဆီ၊ ပဲနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် လေးမျက်နှာမြို့နယ် ခမောက်စုကျေးရွာအုပ်စု စက်ပိုင်းကျေးရွာ ဒေသခံပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိစေရေးနှင့်ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေး ရေသန့်ဆေး ကလိုရင်းခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဒေသခံပြည်သူများလျှပ်စစ်ဓာတ်အားပြန်လည်ရရှိသုံးစွဲနိုင်ရေးအတွက် လေးမျက်နှာမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ထရန်စဖော်မာများစစ်ဆေးပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခမောက်စုကျေးရွာအုပ်စု အချုပ်ကလေးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသို့ သွားရောက်ကာ ရေပြန်လည်ကျဆင်းလာသဖြင့် ကျောင်းပြန်လည်ဖွင့်လှစ်သင်ကြားနေမှုအခြေအနေကို ကြည့်ရှုအားပေးပြီး ဆရာ၊ ဆရာမများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ် ပိန်းအင်းကျေးရွာအုပ်စု ဟံသာအေးကျေးရွာ၌ ရေဝင်ရောက်မှု ပြန်လည်ကျဆင်းလာသဖြင့် နေအိမ်များတွင် ပြန်လည်နေထိုင်ကြသည့်ပြည်သူများအား ဆန်ရိက္ခာ၊ ဆီ၊ ပဲနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးပြီး ပိန်းအင်းကျေးရွာအုပ်စု ရုံးတောကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ ကျောင်းပြန်လည်ဖွင့်လှစ်သင်ကြားနေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ ဆရာ၊ ဆရာမများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့ပြင် အိုင်သပြုကျေးရွာအုပ်စု မယင်း(မြောက်)ကျေးရွာရှိ ဒေသခံပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိစေရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် ဟင်္သာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရေသန့်ဆေးကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လေးမျက်နှာမြို့နယ် အိုင်သပြုတိုက်နယ် ဆေးရုံသို့ သွားရောက်၍ ဆေးရုံပြန်လည်ဖွင့်လှစ်ထားရှိမှုနှင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် လူနာများကို ကြည့်ရှုအားပေးစကားများပြောကြားကာ လူနာများကိုကြက်ဥများပေးအပ်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာအုပ်စု အိုင်သပြုလမ်းဆုံတွင် နေအိမ်များ၌ပြန်လည်နေထိုင်ကြသည့် ပြည်သူများအား ဆန်ရိက္ခာ၊ ဆီ၊ ပဲနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးခဲ့ပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မယ်ဆိုင်ချောင်းရေ တာချီလိတ်မြို့၌ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

ယနေ့နံနက် ၁၁ နာရီအချိန်တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့ (လွယ်တော်ခမ်းကျေးရွာ)၌ ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၁၁ လက်မခန့်အလိုတွင်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၆ လက်မခန့် ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့်ချောင်းရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်သည်။

(မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄ ံC | / | ၃၃ ံC |
| ရန်ကုန် | ၂၄ ံC | / | ၃၂ ံC |
| မန္တလေး | ၂၆ ံC | / | ၃၄ ံC |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**


# MYAWADY IN ENGLISH DAILY EDITION

## Tatmadaw, MPF members carry out area security and territory control operations in KK Park, Shwe Kokko, and Kyauk Khet areas—notorious bases for online scam and gambling operations

**NAY PYI TAW September 10**

With the aim of freely and extensively operating online scam and gambling operations as well as illegal criminal enterprises, allied terrorist groups operating under the names of KNU, KNLA, DKBA, and PDF attempted to seize control of the Myawady–Thingannyinaung–Kawkareik Asian Highway and the town of Thingannyinaung. Using massive force, they launched attacks with heavy weapons and small arms against local battalion headquarters and departmental buildings in attacks, departmental offices and residential houses within the town were burned and destroyed, forcing local ethnic residents to abandon their properties and temporarily flee to safety. Starting on April 5, 2024, the terrorist groups carried out blockades along the Myawady–Thingannyinaung–Kawkareik Asian Highway.

Furthermore, in an attempt to cut off and control Kawkareik and the Hpa-an–Kyondo–Kawkareik–Myawady Asian Highway—a vital artery in the border trade route—terrorist




Demolition of buildings used for online scam and gambling operations in the Shwe Kokko Area.




An illegal 17-storey building used for online scam and gambling operations in the Shwe Kokko Area, Myawady District, Kayin State.

Thingannyinaung for 28 consecutive days, from March 7 to April 5, 2024. As a result of these insurgents harassed and blocked both the Kyondo–Kawkareik and Kawkareik–Myawady routes to prevent security forces from entering. Hiding in villages, they carried out various forms of sabotage. They launched wanton mine attacks on vehicles traveling along the routes, set them on fire, extorted protection money, and detonated explosives on public bridges—including the Nyinya Thalin Bridge, Five-Pole Bridge, and Kawt Nwet Bridge. They also erected roadblocks to choke traffic. This brought the flow of commodities to a standstill, subjecting local ethnic residents to soaring commodity prices, extreme hardships in daily livelihoods, and diminished socio-economic development, while fostering the expansion of online scam and gambling syndicates and severely disrupting regional stability.



Tatmadaw columns conducting area security operations to prevent online gambling operations from establishing in the Kyauk Khet Area.

Consequently, to reopen the blocked transport corridors and restore normal vehicular traffic, Tatmadaw columns launched decisive operations starting on April 13, 2025, to crush the terrorist insurgents engaged in destructive activities between Kyondo and Kawkareik. Over more than three months of operations, 92 large and small clashes occurred with the terrorist insurgents, resulting in the recovery of 17 enemy bodies, 30 assorted

SEE PAGE - 22



Tatmadaw columns capturing the Kyunkhunnapin base of terrorist insurgents in the Kyauk Khet Area.

**FROM PAGE - 21**

firearms, and related accessories. On July 24, 2025, government forces successfully regained control of and reopened the Kyondo–Kawkareik route.

Similarly, Tatmadaw columns and Myanmar Police Force members—putting their lives on the line with unwavering perseverance, diligence, and determination—vigorously resisted to prevent Thingannyinaung, local military units, and departmental buildings from falling into the hands of the terrorist insurgents. Suffering heavy casualties, the insurgents retreated in disarray. On September 6, 2025, the Myawady–Thingannyinaung–Kawkareik Asian Highway was successfully reopened.



Ongoing repair work on the Kyunkhunnapin Bridge destroyed by terrorist insurgents.




Demolition of an illegal four-storey residential building in the KK Park Area.



Destruction of Five-Pole Bridge along the Kyondo–Kawkareik–Thingannyinaung road by terrorist insurgents using landmines.




Completion of repairs to Five-Pole Bridge destroyed by terrorist insurgents.




Demolition of illegal buildings used for online scam and gambling operations in the Kyauk Khet Area.

After fully regaining control of the Myawady–Thingannyinaung–Kawkareik Asian Highway, Tatmadaw columns continued area security operations in cooperation with the Myanmar Police Force. Within the KK Park Area, located approximately 4,800 meters southeast of Myawady, they seized 635 buildings used for illegal online gambling operations—which had been protected by allied terrorist groups in exchange for fees—along with 1,282 illegal foreign nationals (1,088 men and 194 women) and equipment used in committing online fraud and gambling offenses. These illegal foreign nationals were systematically repatriated to their respective home countries via Thailand, their point of entry. To prevent them from resettling in the area and resuming criminal activities, the structures used for online scams and gambling were divided into three sectors and completely demolished using controlled demolitions and heavy machinery, with 100 percent of the buildings destroyed by January 9, 2026.

Likewise, in the Shwe Kokko Area, located approximately 15,000 meters northeast of Myawady in Kayin State, authorities seized 77 buildings used for illegal online gambling operations—also protected by allied terrorist groups in exchange for fees—along with 2,075 illegal foreign nationals (1,811 men and 264 women). The arrested individuals were systematically repatriated to their respective home countries via Thailand. The buildings were systematically brought down using controlled demolitions and heavy machinery, and were 100 percent demolished by July 26, 2026.



Certain ethnic armed groups transporting online scam and gambling perpetrators to the Myanmar–Thailand border for payment in the Kyauk Khet Area, Myawady Township, Kayin State.

Furthermore, while conducting searches and inspections through combined teams comprising relevant departmental organizations and responsible residents, with Tatmadaw columns and members of the Myanmar Police Force carrying out area security and area control measures to prevent perpetrators of online scam and gambling activities from settling and operating in those areas, information was received that online scam and gambling operations were also being conducted in the Kyauk Khet Area. Accordingly, security members took the necessary area security and area control measures and successively occupied the following locations: Kyunkhunnapin camp,


**SEE PAGE - 23**



Documentary photo showing certain ethnic armed groups illegally transporting individuals engaged in illicit online gambling operations around Kyauk Khet Village, Myawady, in exchange for fees.

**FROM PAGE - 22**

one of the camps of terrorists providing protection to online scam and gambling activities, on 12 July 2026. Moreover, an area where online scam and gambling operations were being conducted, approximately 5,000 metres southeast of the said camp, was also occupied on 25 July 2026. Another area where online scam and gambling activities were being conducted, approximately 6,500 metres southeast of the said camp, was also taken under control on 17 August 2026.




Tatmadaw columns conducting area security operations to prevent online gambling operations from establishing in the Kyauk Khet Area.



Trenches and bunkers belonging to terrorist insurgents seized during area security operations conducted by Tatmadaw columns in the Kyauk Khet Area.



Tatmadaw columns capturing an outpost of terrorist insurgents in the Kyauk Khet Area.



Arms, ammunition, and related equipment seized from terrorist insurgents during area security operations conducted by Tatmadaw columns in the Kyauk Khet Area.

In the efforts to occupy these camps, Tatmadaw columns engaged in 46 minor and major clashes with terrorist groups who gave land plots to online scammers and gamblers and take charges for protecting them. In this regard, 21 bodies of terrorists were seized together with 18 assorted arms, 27 assorted magazines, 1,333 rounds of ammunition, 14 home-made drop bombs, 219 mines, nine bulletproof jackets, 15 bulletproof helmets, one night-vision scope, one reconnaissance drone, seven walkie-talkies, 441 trenches, 53 bunkers, 228 residential huts, 15 buildings where online scams and gambling were conducted, 777 illegal foreign nationals and related persons who committed online scams and gambling activities, two StarLink devices, 452 assorted mobile phones, and 175 sets of computer accessories.

